ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ တနင်္လာနေ့၊ (29-5-2006) (၄၉၇၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း မရမ်းကုန်း ရေထိန်းတံခါး ကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနား ကျင်းပ

မရမ်းကုန်းချောင်းဘေးရှိ စိုက်ပျိုးမြေများ အချိန်မီစိုက်ပျိုးနိုင်ပြီး ဧက ၁၀၀၀၀ ရေကြီးမှု ကာကွယ်နိုင်

ရန်ကုန် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး (၆)က မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော မရမ်းကုန်းရေထိန်း တံခါး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် အဆိုပါ ရေထိန်းတံခါး အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်း အင်အား ၂၅၀၀ ကျော် တက်ရောက် ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

မရမ်းကုန်းရေထိန်းတံခါးကို တွေ့ရစဉ်။ (လယ်/ဆည်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၉-၅-၂၀၀၆
(တနင်္လာနေ့)

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေမြဲရေး ဝိုင်းဝန်းကူညီ

မျက်မှောက်ကာလတွင် တိုးတက်ဖြစ်ထွန်းနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ဆက်လက် တိုးတက် မြင့်မား နေရန်လိုအပ်သည်။ အဆိုပါအမွေခံကောင်းများကို အနာဂတ်ကာလ တိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်ရေးအတွက် မျိုးဆက်သစ် လူငယ်များအား ပြုစုပျိုးထောင်ပေးနေသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား ပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင် နေသည်။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ယူမှု အခွင့်အလမ်းများ တိုးမြှင့်စီမံဖြည့်ဆည်းပေးလျက်ရှိရာ ယခုအခါ တစ်နိုင်ငံလုံးတွင် အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ ကျောင်း ဖွင့်လှစ် ထားပြီးဖြစ်သည်။ ဆရာ၊ ဆရာမ နှစ်သိန်းလေးသောင်းကျော်တို့က ကျောင်းသား၊ ကျောင်းသူ ခုနစ်သန်းကျော်တို့အား ပညာသင်ကြားပေး နေပြီဖြစ်သည်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ဖော်ဆောင်ရာတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေး သည် အခြေခံကျသော ရေသောက်မြစ်တစ်ခုအဖြစ် တွေ့ရသည်။ အဆိုပါ ရေသောက်မြစ် ရှင်သန်ကြီးထွားရေးအတွက် အုပ်ချုပ်ရေး ဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော် ဆောင်များနှင့် စေတနာရှင်ပြည်သူများက ဝိုင်းဝန်းအားပေးကူညီလျက် ရှိကြသည်။

၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် သူငယ်တန်း ကျောင်းနေအရွယ် ကလေးဦးရေ၏ ၉၁ ရာခိုင်နှုန်းသာ ကျောင်းတက်ရောက်နိုင်ခဲ့ရာမှ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေး ၉၆ ရာခိုင်နှုန်း အထိ တိုးတက်လာသည်။ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ကျောင်းနေ အရွယ်ကလေး ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ ကျောင်းတက်ရောက်ခဲ့ ကြသည်။ ယင်းမှာ မိဘပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီမှု ရလဒ်ပင်ဖြစ်သည်။

၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် အဖြစ် မေလ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်၍ ဆောင်ရွက် လျက်ရှိပြီး ကျောင်းအပ်နှံမှုနှင့်အတူ ကျောင်းသုံးဖတ်စာအုပ်များကို တစ်ချိန်တည်း ရောင်းချပေးလျက်ရှိသည်။ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများဖြင့် ကျောင်းအပ်နှံနေသည့် မြင်ကွင်းများကို တွေ့မြင်နေရပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပညာရေး ရေခံ၊မြေခံအခြေခံကောင်းများ ရှင်သန် ဖြစ်ထွန်းနေသည်။ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ မိဘ ပြည်သူများနှင့် ပညာရေးစေတနာရှင်များ၏ စေတနာဖြင့် ပေါင်းစည်း ကြိုးပမ်းအားထုတ်ခြင်းဖြင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံ ရေး၊ ကျောင်းနေမြဲရေးမှသည် အမျိုးသားပညာရည် မြင့်မားရေးအစီအမံ များ ပိုမိုတိုးတက် အောင်မြင်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါ သည်။ ။

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များ အဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှုပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဇွန် ၁ ရက် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ကျင်းပမည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် ဆီးချို ရောဂါအတွက် အင်ဆူလင် ကုထုံးနည်းနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘက်မလိုက် အစည်းအဝေးတက်ရောက်ရန် ဝန်ကြီးဦးဉာဏ်ဝင်း မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၈

မလေးရှားနိုင်ငံ ပူထရာဂျာယာမြို့၌ မေ ၂၉ရက်မှ ၃၀ရက်အထိ ကျင်းပ မည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို ဝန်ကြီးများအဆင့် အစည်းအဝေး သို့ တက်ရောက်ရန် အိမ်ရှင် မလေးရှားနိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆအစ်ဟာမစ်အယ်လ်ဘာ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှာဟာရူဒင်ဘင် မိုဟာမက်ဆွမ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ယင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အတူ မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဉာဏ်လင်း၊ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့နှင့်အတူ တက်ရောက် ကြမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်များ သုတေသနစာတမ်းဖတ်ပွဲနှင့် သုတေသနညီလာခံများကျင်းပ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ သစ်တောပညာရှင်အဖွဲ့၏ ဆဋ္ဌမအကြိမ် သစ်တောသုတေသန စာတမ်း ဖတ်ပွဲကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနရှိ တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်သည်။

ဖတ်ကြားတင်သွင်း

အဆိုပါ စာတမ်းဖတ်ပွဲတွင် သဘာပတိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အမှာစကား ပြောကြားပြီး စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားတင်သွင်း ကြသည်။

ထို့အတူ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၊ စိုက်ပျိုးရေး ပညာရှင် အဖွဲ့၏ ဆဋ္ဌမအကြိမ် သုတေသန ညီလာခံကို နံနက် ၉နာရီတွင် ရန်ကုန် မြို့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင် ထွဋ်ဦးက အဖွင့်အမှာစကား ပြောကြား သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မြင့်သိန်းက သုတေသနညီလာခံ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအောက် ရှိ လုပ်ငန်း/ဌာနများမှ သင်တန်း အသီးသီးတို့တွင် သင်တန်းများ ပို့ချ ပေးခဲ့ကြသော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များအား ဂုဏ်ပြု လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သုတေသနစာတမ်း ဖတ်ပွဲကို ကျင်းပရာ စာတမ်းရှင်များက စာတမ်းရှစ်စောင်ကို ဖတ်ကြား တင်သွင်းကြသည်။

ထို့နောက် တက်ရောက်လာကြသူ များ၏ မေးမြန်းဆွေးနွေးချက်များကို သက်ဆိုင်ရာ စာတမ်းရှင်များက ရှင်းလင်းဖြေကြားကြပြီး ပထမနေ့ အစီ အစဉ်ကို ညနေပိုင်းတွင် ရပ်နားလိုက် သည်။ အဆိုပါ စာတမ်းဖတ်ပွဲကို မေ ၂၈ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်သည်။

အမှာစကားပြောကြား

အလားတူ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ ဆဋ္ဌမ အကြိမ် သုတေသနညီလာခံကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရှိ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက် ပစ္စည်းလုပ်ငန်း အစည်းအဝေး ခန်းမ ဆောင်၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးမေးမြန်း

ထို့နောက် မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီဥက္ကဋ္ဌ အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာ မြညွှန့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသားကဏ္ဍ မွေးမြူထုတ်လုပ်ရေး ဆိုင်ရာ စာတမ်းကိုးစောင်၊ ငါးမွေးမြူ ရေးကဏ္ဍ စာတမ်းလေးစောင်နှင့် ပျားမွေးမြူရေးဆိုင်ရာ စာတမ်း တစ်စောင်တို့ကို သုတေသန စာတမ်း ရှင်များက ဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာကြသူများကပြန်လည် ဆွေးနွေးမေးမြန်းကြသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

သာကေတမြို့နယ် ပညာရေးမိသားစု နယ်မြေ(၃) ကျောင်းအပ်နှံရေးနေ့ ပိုစတာ ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက်က သာကေတမြို့နယ် မြင်တော် သာလမ်းနှင့် မာန်အောင်လမ်းထောင့် တွင်ကျင်းပရာ သာကေတမြို့နယ် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကိုကိုဦး၊ မြို့နယ်ပညာရေးမှူး ဦးအေး ကြိုင်၊ အမျိုးသမီးရေးရာ အဖွဲ့များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့်ဘင်ခရာအဖွဲ့များ တက် ရောက်ကြပြီး သာကေတမြို့နယ် ပညာ ရေးနယ်မြေ(၃)ဥက္ကဋ္ဌ၊ အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းက ကျောင်းအပ်နှံရေးဆိုင်းဘုတ်ကို ဖွင့်လှစ် ပေးသည်။ **(ဝဲပုံ)**

(ပညာရေး)

တရားစီရင်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

ရန်ကုန် မေ ၂၈

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးသည် တရားရုံးချုပ် (ရန်ကုန်) ညွှန်ကြားရေးမှူး(တရားမ) ဦးထွန်းကြည်လိုက်ပါလျက် မေ ၂၄ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်တရားရုံး၌ မွန်ပြည်နယ် အတွင်းရှိ တရားရုံးအသီးသီးမှ တရားသူကြီးများ၊ တရားရေးအရာရှိများအား တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြား ခဲ့သည်။ **(အပေါ်ပုံ)** အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ် တရားသူကြီး ဦးအောင်ဝင်းနှင့် တရားရုံးအသီးသီးမှ တရားသူကြီးများနှင့် တရားရေး အရာရှိ စုစုပေါင်း ၃၈ဦး တက်ရောက်ကြသည်။

(၁၀၇)

ဓမ္မဒါနပြုနိုင်

ရန်ကုန် မေ ၂၈

မိုးထိ ဆရာတော် ဘဒ္ဒန္တ ဇာဂရ မထေရ် ပြုစုတော်မူခဲ့သော "သံယုတ် အဋ္ဌကထာနိဿယ"များကို ဗုဒ္ဓစာပေ ထိန်းသိမ်းပြန့်ပွားရေးအဖွဲ့ (မော်ဘီ) မှ ပြန်လည်ရိုက်နှိပ်ခဲ့ရာ ပထမ အစီ အစဉ်အဖြစ် "ခန္ဓဝဂ္ဂသံယုတ် အဋ္ဌ ကထာနိဿယ" (မိုးထိမူ)ကို ပါရမီ စာပေမှ ဦးစွာထုတ်ဝေဖြန့်ချိလိုက်ပြီး ဓမ္မဒါနပြုနိုင်ကြောင်း သိရသည်။

(က-ပ)

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ခံတွင်းကျန်းမာရေး

ဒေါက်တာ ညီညီ

လူတို့တွင် ရောဂါဝေဒနာကိုဖြစ်စေသော အကြောင်းတရားပေါင်း မြောက်မြားစွာ ရှိသည့်အနက် အချို့သောအကြောင်းတရား၏ တရားကိုယ်သဘောမှာ **"မည်သူမပြု မိမိမှု"** ဖြစ်ပါသည်။ ယနေ့ကာလတွင် ကျန်းမာရေးကို အလွန်အမင်း ထိခိုက်သည့်တိုင်အောင် လွန်ကဲလွဲမှားစွာ လူတို့ကိုယ်တိုင် ပြုမူနေကြသည့် နှစ်ခြိုက်စွဲလမ်းမှုအဖြစ်ဆုံး ရုပ်ပိုင်းဆိုင်ရာ အမူအကျင့် သုံးမျိုးရှိသည်။ ၎င်းတို့မှာ (၁) ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးခြင်း၊ (၂) အရက်အလွန်အကျွံ သောက်သုံးခြင်းနှင့် (၃) ကော်ဖီ၊ လက်ဖက်ရည်နှင့် ကိုလာစသည့် ကဖင်းဓာတ်ပါဝင်သော အချိုရည်များ အလွန်အကျွံသောက်သုံးခြင်းတို့ဖြစ်ကြသည်။ ယင်းတို့အနက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းကြောင့် လူတို့တွင် ရောဂါဝေဒနာအများဆုံးနှင့် သေဆုံးမှုအများဆုံးဖြစ်လျက်ရှိရာ ကမ္ဘာတစ်ဝန်း နှစ်စဉ် လူပေါင်း ငါးသန်းခန့် အသက်ဆုံးရှုံးလျက် ရှိပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းတွင် ဆေးလိပ်သောက်ခြင်းနှင့် မီးခိုးမထွက်သော ဆေးရွက်ကြီးသုံးစွဲခြင်းတို့ ပါဝင်ပါသည်။ ဆေးလိပ်သောက်ခြင်းဟူသည် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်၊ ဆေးတံစသည်တို့ဖြင့် ဆေးရှူသည့် ကိစ္စအဝဝကို ဆိုလိုပြီး မီးခိုးမထွက်သော ဆေးရွက်ကြီးသုံးစွဲခြင်းဟူသည် ဆေးရွက်ကြီးကို အပိုင်းအစငယ်များဖြတ်တောက်၍ သွားဖြင့်ဝါးခြင်း၊ အမှုန့်ပြုလုပ်၍ ပါးစောင်တွင်ငုံခြင်းနှင့် ဆေးရွက်ကြီးပါဝင်သော ကွမ်းယာ စားသုံးခြင်းတို့ကို ဆိုလိုပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် လူ့ခန္ဓာကိုယ်တွင် နေရာအနှံ့ ရောဂါဝေဒနာမျိုးစုံ ဖြစ်ပွားနိုင်ကြောင်း အများသိရှိကြသော်လည်း စွဲလမ်းမှု၏အစပြုရာ၊ အမူအကျင့်၏ တည်မှီရာဖြစ်သော ခံတွင်း၌ ကျန်းမာရေးမည်သို့ ထိခိုက်စေသည်ကိုမူ သိရှိသူနည်းပါးလှသည်။ ဆေးလိပ်သောက်လျှင် ဆေးရွက်ကြီး မီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသောအပူ၊ ဓာတုပစ္စည်းများနှင့် မီးခိုးငွေ့တို့သည်လည်းကောင်း၊ ဆေးရွက်ကြီးကိုဝါးခြင်း၊ ငုံခြင်းပြုလုပ်လျှင် မှုန့်ခြေကြေမွသွားသော ဆေးရွက်ကြီးမှ စိမ့်ထွက်၍ တံတွေးသို့ ပျော်ဝင်သည့် ဓာတုပစ္စည်းများသည်လည်းကောင်း နှုတ်ခမ်း၊ ပါးစောင်၊ အာခေါင်၊ လျှာ၊ လျှာအောက်ဖက်နှင့် သွားဖုံးနေရာအနှံ့ရှိ နူးညံ့ပျော့ပျောင်းသော အမြှေးပါးများနှင့် သွားများကို ဇီဝဖြစ်စဉ်ပြောင်းလဲစေလျက် သာမန်ချွတ်ယွင်းပျက်စီးသော လက္ခဏာများအပါအဝင် အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်သည့် ဆိုးရွားသော ရောဂါများကိုပါ ဖြစ်စေနိုင်ပေသည်။

ဆေးလိပ်သောက်လျှင် ဆေးရွက်ကြီးမီးလောင်ရာမှ နောက်ဆုံးထွက်လာသော ကတ္တရာစေးသည် တံတွေးတွင်ပျော်ဝင်လျက် သွားမျက်နှာပြင်ကို ကပ်ငြိစွန်းထင်းသဖြင့် သွားများ၌အရောင်ညိုမည်းသော ဆေးချေးများဖြစ်စေသည်။ ဆေးရွက်ကြီးမီးလောင်ရာမှ ရရှိသည့်အပူသည် ရှူသွင်းလိုက်သော မီးခိုးနှင့်အတူ ခံတွင်းအနှံ့ မွှေနှောက်ပျံ့နှံ့လျက် စိုစွတ်ပျော့ပျောင်းသည့် ခံတွင်းအမြှေးပါးကို ခြောက်သွေ့စေသည်။ တံတွေးခန်းခြောက်ခြင်းသည် ခံတွင်းရှိ ဘက်တီးရီးယားပိုးမွှားများကို ပိုမိုများပြားလာစေပြီး ယင်းတို့မှ အငွေ့ပျံလွယ်သော ဆာလ်ဖာဒြပ်ပေါင်းတစ်မျိုးကို စွန့်ထုတ်သဖြင့် ထိုဒြပ်ပေါင်း၏ အနံ့နှင့် ဆေးလိပ်မီးခိုးအနံ့တို့ကြောင့် ဆေးလိပ်သောက်သူတို့တွင် ဆိုးရွားသည့် ခံတွင်းအနံ့ကို ဖြစ်စေပါသည်။

ဆေးလိပ်ကို နှစ်ရှည်လများသောက်သုံးသူတို့တွင် လျှာနှင့်အာခေါင်ရှိ နူးညံ့သော အမြှေးပါးသည် ပိုမိုထူထဲလာပြီး အနံ့အရသာကို စူးရှစွာ ခံစားနိုင်မှုလည်း လျော့ပါးလာသည်။ ဆေးလိပ်သောက်ခြင်းကြောင့် တံတွေးခန်းခြောက်လျှင် ခံတွင်း၌ အောက်ဆီဂျင်မလိုသော ပိုးမွှားများ ပိုမိုများပြားလာပြီး ယင်းပိုးမွှားများကြောင့် သွားဖုံးတွင် ရေစီးကမ်းပြိုရောဂါ ဖြစ်နိုင်ပေရာ ဆေးလိပ်သောက်သူများသည် မသောက်သူထက် ဆိုးရွားသည့် ရေစီးကမ်းပြိုရောဂါ ဖြစ်စေနိုင်သော အန္တရာယ်မှာ ငါးဆမှ အဆနှစ်ဆယ် ပိုမိုနိုင်ကြောင်း သုတေသနစာတမ်းများ၌ ဖော်ပြထားပါသည်။

ဆေးလိပ်သောက်သူများတွင် သွားဖုံး၌လည်းကောင်း၊ ဆေးတံသောက်သူများတွင် ဆေးတံငုံခဲလေ့ရှိသည့် ပါးစပ်ဘက်ခြမ်းရှိ နှုတ်ခမ်းထောင့်နှင့် ပါးစောင်အမြှေးပါး၌လည်းကောင်း တွေ့ရလေ့ရှိသည့် ပုံသဏ္ဌာန်မမှန်သော အညိုရင့်ရောင်အကွက်များကို Smoker's melanosis ဟုခေါ်ပါသည်။ ၎င်းသည် ဆေးရွက်ကြီး မီးလောင်ရာမှ ထွက်ရှိသော နီကိုတင်းဓာတ်၏ လှုံ့ဆော်မှုကြောင့် ခံတွင်းတွင် "မယ်လာနင်"ဟုခေါ်သည့် ရောင်ခြယ်ပစ္စည်းများ ပိုမိုထွက်လာပြီး သွားဖုံးနှင့် ခံတွင်းအမြှေးပါး၌ အညိုရင့်ရောင်အကွက်များ ပေါ်လာခြင်းဖြစ်သည်။ ယင်းတို့ကို ဆေးလိပ်သောက်သည့် အမျိုးသမီးများ၏ သွားဖုံး၌ ပိုမိုထင်ရှားစွာ တွေ့မြင်နိုင်ပြီး ဆေးလိပ်ဖြတ်လိုက်သည်နှင့် လပိုင်းအတွင်း အလိုအလျောက် ပျောက်ကွယ်သွားနိုင်ပါသည်။ ဆွီဒင်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့တွင် ဆေးလိပ်သောက်သူ လူလတ်ပိုင်းအများစု၏ခံတွင်း၌ Smoker's melanosisများ ဖြစ်လျက်ရှိကြောင်း မှတ်တမ်းများတွင် ဖော်ပြထားပါသည်။

ထို့ပြင် ဆေးလိပ်သောက်သူများ၏ အာခေါင်၌ nicotine stomatitis ဟုခေါ်သည့် အဖြူကွက်များလည်း မြင်တွေ့နိုင်သည်။ အထူးသဖြင့် ဆေးပြင်းလိပ်နှင့် ဆေးတံသောက်သူများ၏ အာခေါင်သည် ဖြူဖျော့တွန့်ခေါက်ကြမ်းတမ်းလျက် အလယ်တွင် အနီစက်များပါသော မီးခိုးရောင်ဖျော့ဖျော့ အဖုငယ်လေးများ ထင်ရှားပျံ့နှံ့နေပါသည်။ ယင်းလက္ခဏာသည် အမျိုးသားများတွင် အဖြစ်များပြီး ဆေးလိပ်၊ ဆေးတံသောက်ခြင်းကို ဖြတ်လိုက်လျှင် လပိုင်းအတွင်း အလိုအလျောက် ပျောက်ကင်းနိုင်ပါသည်။ အမေရိကတောင်ပိုင်း၊ အိန္ဒိယနှင့် အရှေ့တောင်အာရှရှိ အချို့ဒေသတို့တွင် ဆေးလိပ်မီးကို ပါးစပ်အတွင်းဘက်ငုံပြီး ဆေးလိပ်ပြောင်းပြန်ရှူသည့် ဓလေ့ရှိကြရာ ထိုသူ၏အာခေါင်၌ nicotine stomatitis ကို ပိုမိုဆိုးရွားထင်ရှားစွာ တွေ့မြင်နိုင်သည်။ ယင်းလက္ခဏာသည် အာခေါင်အနောက်ဘက် လည်မြိုအဝနှင့် ပါးစောင်အနောက်ဘက်သို့ ပျံ့နှံ့ဖြစ်ပွားနေလျှင် ဆေးလိပ်ဖြတ်သော်လည်း အလိုအလျောက် မပျောက်ကင်းနိုင်တော့ဘဲ ခံတွင်းကင်ဆာအဖြစ်သို့ ပြောင်းလဲသွားနိုင်ပါသည်။

မီးခိုးမထွက်သော ဆေးရွက်ကြီးသုံးစွဲမှုသည် ဆေးလိပ်သောက်ခြင်းကဲ့သို့ ကမ္ဘာတွင် ပျံ့နှံ့နေသည့်ဓလေ့ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ဆေးရွက်ကြီးသက်သက်ကို ငုံဝါးလေ့ရှိသူ လူလတ်ပိုင်းအရွယ်မှာ အသွေး ဖျော့တော့လာသည်။ နောက်ပိုင်းတွင် ပါးစောင်နှင့်အံသွားများကြား၌ ကျပ်တည်းကျဉ်းမြောင်းလာပြီး ပါးစပ်ကျယ်ကျယ် မဟနိုင်သည့် အနေအထားဖြစ်လာပါသည်။ ယင်းအခြေအနေတွင် ကွမ်းစားသည့် ဓလေ့ကို ရပ်သော်ငြားလည်း ခံတွင်းသည် မူလအတိုင်း ပြန်မကောင်းနိုင်တော့သဖြင့် ကုသမှုကို အချိန်မီခံယူရန် လိုအပ်ပါသည်။

Oral lichen planus ဟူသည် ဆေးလိပ်သောက်သူထက် ဆေးရွက်ကြီးငုံဝါးလေ့ရှိသူ၊ ဆေးရွက်ကြီးကို ကွမ်းယာတွင်ထည့်စားလေ့ရှိသူများ၏ ခံတွင်း၌ တွေ့ရလေ့ရှိသည့် ရှေ့ပြေးကင်ဆာအနာ တစ်မျိုးဖြစ်ပြီး ဖြစ်ခါစတွင် နာကျင်မှုမရှိသော ကွန်ရက်ပုံအဖြူလိုင်းငယ်လေးများ သဏ္ဌာန်ရှိ၍ အလယ်၌ အဖုငယ်လေးများရှိပြီး အနာသည် ဖြစ်လိုက်ပျောက်လိုက်ဖြစ်တတ်သည်။ တစ်ခါတစ်ရံတွင် ဘေးပတ်လည်၌ အဖြူလိုင်းငယ်များ ဖြာထွက်နေသော နာကျင်နီရဲသည့် အနာအဖြစ် တွေ့ရတတ်သည်။ အနောက်တိုင်းဒေသများတွင် ယင်းအနာဖြစ်ပွားနှုန်းသည် ဆေးရွက်ကြီး သုံးစွဲသူများ၏ ၀ဒသမ ၁ရာခိုင်နှုန်းမှ ၀ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အိန္ဒိယတွင် ၀ဒသမ ၀၂ရာခိုင်နှုန်းမှ ၀ဒသမ၄ ရာခိုင်နှုန်း အထိရှိပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၂ ခုနှစ်က လူဦးရေ ၆၀၀၀ ပျမ်းမျှ ခြောက်ရာခိုင်နှုန်းခန့်ရှိပြီး လူငယ်များ၌ ၁၀ရာခိုင်နှုန်းအထက်ရှိကြောင်း၊ အထူးသဖြင့် အရှေ့တောင်နှင့် အနောက်အလယ်ပိုင်းပြည်နယ်များ၌ ၂၁ရာခိုင်နှုန်းခန့်အထိ ရှိကြောင်း မှတ်တမ်းများတွင် ပါရှိပါသည်။ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အရှေ့တောင်အာရှဒေသတို့တွင် ဆေးရွက်ကြီးကို ကွမ်းယာ၌ ထည့်၍စားသုံးသည့် ဓလေ့သည် ထွန်းကားပျံ့နှံ့လျက်ရှိပြီး အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ၌ပင် ကွမ်းယာစွဲသူဦးရေ သန်းပေါင်း ၁၀၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဖော်ပြထားပါသည်။

ဆေးရွက်ကြီး ငုံဝါးလေ့ရှိသူတို့၏ ခံတွင်းတွင် ဆေးရွက်ကြီး၌ ပါဝင်သော ဓာတုပစ္စည်းများကြောင့် အမြဲတမ်းငုံလေ့ရှိသည့် ပါးစောင်အနီးရှိသွားဖုံးသားသည် အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ကျလာပြီး သွားခြေများပေါ်စေသည်။ ငုံသည့်ဆေးရွက်ကြီးကို အနံ့အရသာ ကောင်းစေရန် သကြား၊ အနံ့အမျိုးမျိုးတို့ဖြင့် ပြုပြင်လေ့ရှိရာ ဆေးငုံလျှင် ဆေးရွက်ကြီး၌ ပေါင်းစပ်ပါဝင်သော သကြားဓာတ်ကြောင့် အခြေပေါ်နေသည့် သွားများတွင် သွားပိုးစားမှု ဖြစ်လွယ်စေနိုင်ပါသည်။

ဆေးရွက်ကြီးငုံလေ့ရှိသူများတွင် ဆေးရွက်ကြီးနှင့် တိုက်ရိုက်ထိတွေ့သည့် ပါးစောင်အောက်ခြေ အမြှေးပါးနေရာ၌ အရည်လဲ့ပြီး နူးညံ့သော လှိုင်းတွန့်သဏ္ဌာန် မီးခိုးရောင်သန်းသည့် အဖြူကွက်များဖြစ်လေ့ရှိရာ ယင်းကို Smokeless tobacco keratosis ဟုခေါ်ပါသည်။ ယင်းအဖြူကွက်များသည် နာကျင်မှုမရှိသဖြင့် သတိမမူမိဘဲရှိတတ်သည်။ မှတ်တမ်းများအရ အနောက်တိုင်းဒေသတွင် ဆေးရွက်ကြီးဝါးလေ့ရှိသူများ၏ ၁၅ ရာခိုင်နှုန်းနှင့် ဆေးရွက်ကြီးအမှုန့်ငုံလေ့ရှိသူများ၏ ၆၀ ရာခိုင်နှုန်း၌ ယင်း အဖြူကွက်များ ဖြစ်လျက်ရှိသည်။ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသတွင်လည်း ဆေးရွက်ကြီးပါဝင်သော ကွမ်းစားသူများ၌ ယင်းအဖြူကွက်များ အဖြစ်များပါသည်။ ဆေးငုံခြင်း၊ ဝါးခြင်း၊ ကွမ်းစားခြင်း ဓလေ့ကို ရပ်စဲလိုက်လျှင် နှစ်ပတ်မှခြောက်ပတ်အတွင်း ယင်းအဖြူကွက်များသည် မူလပါးစောင် အမြှေးပါးအတိုင်း ပြန်ကောင်းသွားနိုင်သည်။ အကယ်၍ ခြောက်ပတ်ကျော်သည်အထိ ယင်းအဖြူကွက်မပျောက်လျှင် ရှေ့ပြေးကင်ဆာအနာအဖြစ်သို့ ပြောင်းလဲမှု သံသယရှိနိုင်သဖြင့် အသားစယူ၍ စစ်ဆေးကုသမှုကို ပြုလုပ်သင့်ပါသည်။

ဆေးရွက်ကြီးကို ကွမ်းယာတွင် ကွမ်းသီး၊ ထုံးတို့နှင့် စပ်ဟပ်စားသုံးလေ့ရှိသူများ၏ ခံတွင်း၌ တွေ့မြင်နိုင်သည့် လက္ခဏာတစ်ရပ်မှာ oral submucous fibrosis ဟုခေါ်သော ရှေ့ပြေးကင်ဆာအနာဖြစ်သည်။ ယင်းအနာသည် တောင်အာဖရိက၊ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသတို့တွင် အဖြစ်များပြီး ဖြစ်ပွားနှုန်းမှာ ကွမ်းစားလေ့ရှိသူများ၏ ၁ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း မှတ်တမ်းများ၌ ဖော်ပြပါသည်။ ယင်းအနာသည် ဖြစ်ခါစတွင် ခံတွင်း၌ ပူသောခံစားမှုရှိပြီး ပါးစောင်တွင် အရည်ကြည်ဖုငယ်များ၊ အနီကွက်များ ဖြစ်လေ့ရှိသည်။ တံတွေးခန်းခြောက်ပြီး အရသာခံစားမှုလည်း တစ်စတစ်စလျော့ပါးလာသည်။ ခံတွင်းအမြှေးပါးသည် ပျော့ပျောင်းရာမှ တဖြည်းဖြည်း ထူထူတင်းတင်းဖြစ်လာပြီး အရောင်ကိုလေ့လာခဲ့သော စာတမ်းတစ်စောင်၌ oral lichen planus ဖြစ်ပွားနှုန်းသည် ၀ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါသည်။

ဆေးလိပ်သောက်သူနှင့် ဆေးရွက်ကြီးငုံဝါးလေ့ရှိသူတို့၏ ခံတွင်း၌ ဖြစ်တတ်သည့် အနာနောက်တစ်မျိုးမှာ Leukoplakia ဟုခေါ်သော ရှေ့ပြေးကင်ဆာ အနာဖြစ်သည်။ ယင်းအနာ၏ လက္ခဏာမှာ နာကျင်မှုကင်းမဲ့ပြီး မျက်နှာပြင်ကြမ်းတမ်းထူပိန်း၍ အတွန့်အခေါက် အကွဲကြောင်းများပါရှိသော အဖြူကွက်ဖြစ်သည်။ လက်နှင့်ပွတ်ကြည့်လျှင် အနာဖေးမကွာနိုင်သောအနာဖြစ်ပြီး အချို့တွင် အနီစက်ငယ်များပြန့်ကြဲနေသည့် အနီကွက် erythroplakia အဖြစ် ပြောင်းလဲသွားတတ်သည်။ Erythroplakia သည် leukoplakia ထက် ခံတွင်းကင်ဆာအသွင်သို့ ပြောင်းလဲသွားနိုင်သည့် အလားအလာ ပိုများပါသည်။ Leukoplakia သည် ဆေးလိပ်သောက်သူများတွင် ၅ ဒသမ ၃ ရာခိုင်နှုန်း၊ ဆေးရွက်ကြီးငုံဝါးလေ့ရှိသူများတွင် ၁ ဒသမ ၂ ရာခိုင်နှုန်း၊ ဆေးရွက်ကြီးပါသော ကွမ်းစားလေ့ရှိသူများတွင် ၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဆေးလိပ်လည်းသောက်၊ ကွမ်းလည်းစားသူများတွင် ၆ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ပွားကြောင်း စာတမ်းများ၌ ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ရှေ့ပြေးကင်ဆာအနာများသည် အချိန်မီ စစ်ဆေးကုသမှုကို ခံယူသင့်သော အနာများဖြစ်ပြီး အကယ်၍ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကို မရပ်စဲလျှင် ယင်းအနာများ၏ အဆုံးသတ်နိဂုံးမှာ အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်သည့် ခံတွင်းကင်ဆာအဖြစ်သို့ ဦးတည်ပါသည်။ ခံတွင်းကင်ဆာသည် ကမ္ဘာတွင် အဋ္ဌမမြောက်အဖြစ်အများဆုံး ကင်ဆာဖြစ်ပြီး တောင်အလယ်ပိုင်း အာရှဒေသ၌ အဖြစ်အများဆုံး ကင်ဆာသုံးမျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ ခံတွင်းကင်ဆာသည် အမျိုးသားများတွင် အဖြစ်များပြီး အမျိုးသားဦးရေတစ်သိန်းလျှင် တစ်ဦးမှဆယ်ဦးနှုန်း ဖြစ်ပွားလျက်ရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံ များတွင် ခံတွင်းကင်ဆာဖြစ်ပွားနှုန်း ပိုမိုမြင့်မားနေပြီး အိန္ဒိယ၌ လူဦးရေတစ်သိန်းလျှင် ၁၂ ဒသမ ၆ ဦးနှုန်း ဖြစ်ပွားလျက်ရှိပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ခံတွင်းရောဂါများအပါအဝင် ခန္ဓာကိုယ်အနှံ့ရောဂါမျိုးစုံ ပျံ့နှံ့ဖြစ်ပွားလျက် သေဆုံးမှုနှုန်းမှာ နှစ်စဉ်တိုးတက် လျက်ရှိရာ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုကို မထိန်းချုပ်လျှင် ၂၀၂၀ ပြည့်နှစ်တွင် လူပေါင်း ဆယ်သန်းခန့်သည် ဆေးရွက်ကြီးကြောင့် သေဆုံးကြရမည်ဖြစ်ပြီး ယင်းတို့အနက် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခုနစ်သန်းခန့် အသက်ဆုံးရှုံးလိမ့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားပါသည်။ သို့ဖြစ်ရာ ခံတွင်းကျန်းမာရေးအပါအဝင် ကိုယ်ခန္ဓာကျန်းမာရေးအား ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးခြင်းဟူသော အမူအကျင့်ကို အချိန်မီဆင်ခြင်သုံးသပ်၊ နှစ်ခြိုက်စွဲလမ်းမှုကို အလျှင်းဖြတ်ကာ အမြန်ဆုံးရပ်တန်းက ရပ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဆေးလိပ်ကို နှစ်ရှည်လများ သောက်သုံးသူတို့တွင် လျှာနှင့်အာခေါင်ရှိ နူးညံ့သော အမြှေးပါးသည် ပိုမိုထူထဲလာပြီး အနံ့အရသာကို စူးရှစွာ ခံစားနိုင်မှုလည်း လျော့ပါးလာသည်။ ဆေးလိပ်သောက်ခြင်းကြောင့် တံတွေးခန်းခြောက်လျှင် ခံတွင်း၌ အောက်ဆီဂျင်မလိုသော ပိုးမွှားများ ပိုမိုများပြားလာပြီး ယင်းပိုးမွှားများကြောင့် သွားဖုံးတွင် ရေစီးကမ်းပြိုရောဂါ ဖြစ်နိုင်ပေရာ ဆေးလိပ်သောက်သူများသည် မသောက်သူထက် ဆိုးရွားသည့် ရေစီးကမ်းပြို ရောဂါ ဖြစ်စေနိုင်သော အန္တရာယ်မှာ ငါးဆမှ အဆနှစ်ဆယ် ပိုမိုနိုင်ကြောင်း သုတေသန စာတမ်းများ၌ ဖော်ပြထားပါသည်။

ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ယခုနှစ် ပထမငါးလအတွင်း ၁ ဒသမ ၆သန်းနီးပါးရှိမည် ခန့်မှန်း

ဟနွိုင်း မေ ၂၇

ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ယခုနှစ် ပထမငါးလ ကာလတွင် ၁ဒသမ၆သန်းနီးပါးရှိမည်ဟု ခန့်မှန်းထားကြောင်း၊ နှစ်အလိုက် တိုးတက်မှုမှာ ၁၂ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း ဆင်ဟွာ သတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ငါးလတာကာလတွင် အများဆုံး လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များမှာ တရုတ်နိုင်ငံမှ ၂၆၅၀၀၀၊ တောင်ကိုရီးယားနိုင်ငံမှ ၁၈၂၀၀၀နှင့် အမေရိကန်နိုင်ငံမှ ၁၆၃၀၀၀ ရှိကြောင်း ဗီယက်နမ်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်း ညွှန်ကြားမှုဌာန ဟိုတယ်လုပ်ငန်းက သောကြာနေ့တွင် ကြေညာသည်။

ဟိုတယ်အခန်းများတွင် တည်းခိုမှုမှာ ယခုနှစ်ထဲတွင် ပျမ်းမျှ ၈၀ ရာခိုင်နှုန်း ကျော်ရှိကြောင်း၊ ဟနွိုင်းမြို့၊ ဟိုချီမင်းမြို့နှင့် ဒါနန်းမြို့တို့ ကဲ့သို့သော အထင်ကရ မြို့များရှိ ကြယ်လေးပွင့် သို့မဟုတ် ကြယ်ငါးပွင့်အဆင့် ဟိုတယ်များတွင် တည်းခိုမှုမှာ အခန်းပြည့်ဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း ခရီးသွားလုပ်ငန်း ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၅ ဒသမ ၅သန်းမှ ခြောက်သန်းအထိနှင့် ပြည်တွင်းခရီးသည် ၂၅သန်းမှ ၂၆သန်းအထိ လာရောက်ရန် မျှော်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၂၆ရက်က ဂျော်ဂျီယာနိုင်ငံမြို့တော် တီဘီလီစီတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။

(ဓာတ်ပုံ–အင်တာနက်)

သောက်သုံးရေ၊ လျှပ်စစ်စွမ်းအားနှင့်ဓာတ်ငွေ့ လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေး ပါကစ္စတန်ကြိုးပမ်းမည်

အစ္စလမ္မာဘတ် မေ ၂၇

လာမည့်နှစ်တွင် သောက်သုံးရေ၊ လျှပ်စစ်မီးနှင့်ဓာတ်ငွေ့တို့ကို ပြည်သူလူထုထံသို့ အလုံအလောက် ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း ပါကစ္စတန်သမ္မတ မုရှာရက်ဖ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဖော်ပြ

သမ္မတမုရှာရက်ဖ်က ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ကက်အဇစ်နှင့် ရာဝါပင်ဒီမြို့ရှိ သမ္မတရုံးခန်းတွင် တွေ့ဆုံဆွေးနွေးပြီးနောက် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်ဟု အေပီပီ သတင်းဌာနနှင့် ဂျီအီးအို ရုပ်မြင်သံကြားအင်တာနက် ဝက်ဘ်ဆိုက်တို့က ဖော်ပြသည်။

လာမည့်နှစ် ဘတ်ဂျက်အသုံးစရိတ်တွင် ဝန်ထမ်းများအား လခတိုးမြှင့်ပေးမည့် အစီအစဉ်နှင့် ကုန်ဈေးနှုန်းမြင့်တက်မှု ထိန်းချုပ်ရေး အထူးအစီအစဉ်များကို ကြေညာတော့မည် ဖြစ်သည်ဟု အဇစ်က ပြောကြားသည်။

ဆည်ဆောက်လုပ်ရေးအတွက် ရန်ပုံငွေခွဲဝေပေးရေး အစီအစဉ်၊ ပြည်သူပိုင်ကဏ္ဍ ဖွံ့ဖြိုးရေးရန်ပုံငွေများ တိုးမြှင့်ရေး အစီအစဉ်နှင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးမည့် လုပ်ငန်းများအတွက် အထူးရန်ပုံငွေ ခွဲဝေပေးမည့်အစီအစဉ်များကိုလည်း မကြာမီ ကြေညာသွားမည်ဟု ဆိုသည်။

လာမည့်ဘတ်ဂျက်အသုံးစရိတ်တွင် ပြည်သူများ သက်သာ ချောင်ချိစေမည့် အစီအစဉ်များနှင့် ပညာရေး၊ ဖွံ့ဖြိုးရေး၊ စွမ်းအင်စီမံကိန်းနှင့် ဆည်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ငွေလုံလုံလောက်လောက် ထောက်ပံ့ပေးမည့် အစီအစဉ်များလည်း ပါဝင်သည်ဟု သတင်းများအရ သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗင်နီဇွဲလားနိုင်ငံ...

ဗင်နွာတူရှိ မီးတောင်သုံးလုံး ပေါက်ကွဲ

ဝယ်လင်တန် မေ ၂၇

ဗင်နွာတူနိုင်ငံမှ မီးတောင်သုံးလုံး ပေါက်ကွဲသဖြင့် နိုင်ငံ၏အစွန်အဖျားဒေသရှိ ကျွန်းများမှ ရေနှင့်စားနပ်ရိက္ခာများ ထိခိုက်ပျက်စီးကာ ဖရိုဖရဲဖြစ်ခဲ့ရသည်။

လော့ပီဗီမီးတောင်မှ ပြာထုတ်လွှတ်မှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရပြီး သောက်ရေညစ်ညမ်းခဲ့ရသည်ဟု နယူးဇီလန်ရေဒီယိုက သောကြာနေ့တွင် ပြောကြားသည်။

ပါမာကျွန်းပေါ်ရှိ ကျေးရွာနှစ်ရွာအနက် ကျေးရွာတစ်ရွာသို့ အဆိပ်ပါပြာများ မကျရောက်သေးကြောင်း၊ ယင်းကျွန်းတွင် လော့ပီဗီမီးတောင်မှ ပြာများလွှန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က မှုတ်ထုတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဌာနရုံးက ပြောကြားသည်။

ဘင်ဘိုနှင့် မာရမ်မီးတောင် နှစ်ခုသည်လည်း ပေါက်ကွဲစပြုနေပြီဖြစ်ပြီး ကျွန်း၏အရှေ့တောင်ပိုင်းရှိ ကျေးရွာ ၁၀ ရွာပေါ်သို့ ပြာများ လွင့်ကျလာပြီဖြစ်သည်ဟု အနီးအပါးရှိ အင်ဘရင်ကျွန်းမှ သတင်းများအရ သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ယောင်ကျိုမြို့ရှိ ကန်တော်ကြီးတွင် မုခ်ဦးတံတား တည်ဆောက်နေသည်ကို မေ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–ဆင်ဟွာ)

ဘင်္ဂလားဒေ့ရှ်သမ္မတ ခွဲစိတ်ကုသမှုခံယူ

ဒါကာ မေ ၂၇

ဘင်္ဂလားဒေ့ရှ်သမ္မတ အီဂျာဒင်အာမက်သည် စင်ကာပူနိုင်ငံရှိ မောင့်အယ်လီဇဘက် ဆေးရုံတွင် သောကြာနေ့က နှလုံးရောဂါ ခွဲစိတ်ကုသမှုခံယူခဲ့ကြောင်း သမ္မတနန်းတော်က ထုတ်ပြန်ကြေညာသည်။

ဘင်္ဂလားဒေ့ရှ် သမ္မတအား ခွဲစိတ်ကုသမှုမှာ အောင်မြင်မှုရှိကြောင်း သမ္မတနန်းတော် တာဝန်ရှိသူတစ်ဦးက ပြောကြားသော်လည်း အသေးစိတ် မသိရှိရပေ။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် မိန်းကလေးတစ်ဦး သေဆုံး

ဂျကာတာ မေ ၂၇

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် အင်ဒိုနီးရှားနိုင်ငံသား မိန်းကလေး တစ်ဦးသေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ စမ်းသပ်ချက်များအရအတည်ပြုကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၂၅ ရက်တွင် ပြောကြားသည်။

သို့ရာတွင် ဒေသဆိုင်ရာ စမ်းသပ်ချက်များအရ ကြက်ငှက်တုပ်ကွေး ရောဂါဟု ခိုင်မာစွာမဆုံးဖြတ်ဘဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတည်ပြုချက် လိုအပ်သည်ဟု ဖော်ပြသည်။

ဂျာဗားကျွန်းအနောက်ဘက်ဘန်ဒေါင်းမြို့တွင် ယခုရက်သတ္တပတ်အစောပိုင်း၌ မောင်နှမ နှစ်ယောက်ကို ဆေးရုံတင်ခဲ့ကြောင်း၊ တစ်ဦးတွင် H5 N1 ရောဂါပိုးကို ဒေသဆိုင်ရာ စမ်းသပ်စစ်ဆေးမှုအရ တွေ့ရှိခဲ့ကြောင်း ကူးစက်ရောဂါ ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ညိုမန်ကန်ဒန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အသက်၁၀နှစ် အရွယ်ရှိ ညီမဖြစ်သူတွင် H5N1 ရောဂါပိုးတွေ့ရှိခဲ့သည်။ ၎င်းသည် မေ ၂၃ ရက်တွင် သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီနိုင်ငံ အင်တယ်လ်ယာမြို့တွင် လင်းပိုင်တစ်ကောင်၏ ယဉ်ပါးမှုကို မေ ၂၇ ရက်က ပြသနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လာနီညာရာသီဥတုပုံစံ ထိုင်းနိုင်ငံတွင် ပေါ်ပေါက်နိုင်

ဗန်ကောက် မေ ၂၇

ထိုင်းနိုင်ငံတွင် နှစ် ၆၀ အတွင်း အဆိုးရွားဆုံးရေကြီးခဲ့သဖြင့် မြောက်ပိုင်းဒေသတွင် လူ ၄၈ ဦးထက်မနည်း သေဆုံးခဲ့ပြီးနောက် ယခုနှစ်တွင် သာမန်ရေကြီး ရေလျှံမှုများထက်ဆိုးရွားနိုင်သည့် လာနီညာ ရာသီဥတုပုံစံမျိုး ပေါ်ပေါက်လာနိုင်ကြောင်း သဘာဝဘေးအန္တရာယ်ဌာနမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြောကြား

လာနီညာသည် စပိန်စကားဖြစ်ပြီး မိန်းကလေးဟု အဓိပ္ပာယ်ရရှိသည်။ ယင်းရာသီဥတုပုံစံကြောင့် ထိုင်းနိုင်ငံတွင် မိုးဦးကျစောမည် ဖြစ်ပြီး နိုင်ငံ၏ဒေသအများစုမှာ ရေလျှံလျက်ရှိကြောင်း ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ် ဆာမစ်ဒါမက်ဆာရိဂျာက ပြောကြားသည်။

ယခုနှစ် ထိုင်းနိုင်ငံတွင် မိုးများပြီး ရေလျှံမည့်ရာသီဥတုဖြင့် ကြုံတွေ့နိုင်ကြောင်း မိုးလေဝသဌာနမှ အကြီးအကဲဟောင်းဖြစ်သူက ပြောကြားသည်။

ထိုင်းနိုင်ငံအလယ်ပိုင်းနှင့် ဗန်ကောက်မြို့တော်တို့တွင် အောက်တိုဘာမှ ဒီဇင်ဘာအတွင်း အဆိုးရွားဆုံးကာလနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နယ်စပ်ဖြတ်ကျော် ခိုးဝင်သည့်ပြဿနာနှင့် အမေရိကန်ရင်ဆိုင်နေရ လူဝင်မှုကြီးကြပ်ရေးဥပဒေပြဋ္ဌာန်းရေး အချေအတင် ဆွေးနွေး

လော့စ်အိန်ဂျလိစ် မေ ၂၇

အမေရိကန်နယ်စပ် ထိန်းသိမ်းရေးတပ်ဖွဲ့များသည် နယ်စပ်ကိုခိုး၍ ဖြတ်ကျော်ကာ ဝင်လာသော လူမှောင်ခိုသွင်းသည့်ပြဿနာများကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေရသည့် အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း လူဝင်မှုကြီးကြပ်ရေးအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ မေ ၂၅ ရက်နေ့ထုတ် လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

နယ်စပ်တွင် ဖော်ပြပါပြဿနာတက်နေချိန်တွင် အမေရိကန်မူဝါဒရေးရာချမှတ်သူများသည် လူဝင်မှုကြီးကြပ်ရေးဥပဒေပြဋ္ဌာန်းရေးကိစ္စကို အချေအတင်ဆွေးနွေးလျက်ရှိသည်။

မက္ကဆီကို-အမေရိကန်နယ်စပ်ကို လုံခြုံရေးအတားအဆီးများ တည်ဆောက်ထားပြီး အစောင့်အကြပ်များလည်း တိုး၍ထူထပ်စွာချထားလိုက်သည်။ သို့တိုင်အောင် မြေအောက်ဥမင်လိုဏ်ခေါင်းတူး၍ နယ်စပ်ကို ခိုးဝင်သောလမ်းကြောင်းမှ ဝင်လာသူများမှာ အများအပြားရှိသည် ဟုဆိုသည်။

ထိုမြေအောက်လမ်းကြောင်းကိုအသုံးပြု၍ ခိုးဝင်လာသောအရေအတွက်မည်မျှရှိသည်ကို မသိရှိနိုင်ဘဲရှိသည်။ စန်တီယာဂိုမြို့၏ အရှေ့တောင်ဘက် ၁၂ မိုင်အကွာရှိ အိုတေမီဆာအရပ်၏ မြေအောက်တွင် ရေဆိုးထုတ်ပိုက်လိုင်းများနှင့် ဆက်သွယ်နေသော ဥမင်လိုဏ်ခေါင်းများမှာ ဝက်ပါသဖွယ် ရှုပ်ထွေးလှသည်ဟု ဆိုသည်။

သုံးစတုရန်းမိုင်အကျယ်ရှိသည့် မြေဧရိယာအောက်တွင် တည်ဆောက်ထားသော ဥမင်လိုဏ်ခေါင်းများ၏ အရှည်သည် ၂၃ မိုင်မျှရှိသည်။ ထိုလိုဏ်ခေါင်းများသည် လမ်းမများပေါ် ထွက်ပေါက် စုစုပေါင်း ၅၀၀ နှင့် ဆက်သွယ်လျက်ရှိသည်။ ထိုထွက်ပေါက်များသည် စည်ပင်ဝန်ထမ်းများနှင့် ဆက်သွယ်ရေးဝန်ထမ်းများက ပြုပြင်ပြင်ဆင်ရေးလုပ်ငန်းများပြုလုပ်ရာ၌ အသုံးပြုရသည့် လူတစ်ကိုယ်စာဝင်ပေါက်များဖြစ်သည်။

မကြာခဏဆိုသလို ထိုမြောင်းပေါက်များမှ ညစ်ထေးပေကျံနေသော ခိုးဝင်လာသူများ ထွက်လာလေ့ရှိသည်။ ထိုလူများသည် မြို့လယ်လမ်းမများ၊ ပန်းခြံများနှင့် ကားရပ်နားရာနေရာများရှိ မြောင်းဖုံးအပေါက်များမှ ထွက်လာကြသောအခါ လူအများမှာ အထိတ်တလန့် တအံ့တဩဖြစ်ကြရသည်။

၂၀၀၅ ခုနှစ်အတွင်းက ထိုမြောင်းပေါက်များမှ ခိုးဝင်လာသူ ရာပေါင်းများစွာကို အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးနိုင်ခဲ့ကြသည်။ သို့ရာတွင် အရေအတွက်မည်မျှ လွတ်မြောက်သွားကြသည်ကို မသိနိုင်ဘဲရှိသည်။ လွတ်ထွက်သွားသူဦးရေမှာ ထောင်ဂဏန်းအထိပင် ရှိနိုင်သည်ဟု အချို့က မှန်းဆကြသည်။

ကြွက်နှင့်ကြောင်သဖွယ် လိုက်တမ်းပြေးတမ်း ကစားနေကြသော နယ်စပ်ခိုးဝင်သူများနှင့် အမေရိကန် နယ်စပ်လုံခြုံရေးများ၏ဇာတ်လမ်းသည် အဆုံးမသတ်နိုင်ဘဲရှိသည်ဟု နယ်စပ်ကာကွယ်ရေးများ၏ ပြောကြားချက်ကို ကိုးကား၍ လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

တစ်ကြိမ်တွင် နယ်စပ်ခိုးဝင်သူတစ်စုသည် အမေရိကန် နယ်စပ်လုံခြုံရေးတပ်ဖွဲ့ရုံးရှေ့ရှိ မြောင်းပေါက်မှပင် ထွက်ပေါ်လာသည့်အဖြစ်များရှိခဲ့ဖူးသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ လယ်ယာစိုက်ပျိုးရေး သုတေသနဌာနတွင် မျိုးဗီဇပြုပြင်ပြောင်းလဲထားသည့်စနစ်ဖြင့် ဖန်တီးထားသော ပျိုးပင်များကို မေ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယူရိုဖိုက်တာ ဂျက်တိုက်လေယာဉ်များ ဆော်ဒီအာရေဗျဝယ်ယူမည်

ရီယာ့ဒ် မေ ၂၇

ဆော်ဒီအာရေဗျနိုင်ငံသည် ယူရိုဖိုက်တာ ဂျက်တိုက်လေယာဉ်တစ်မျိုးကို ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၅ ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံက ဝယ်ယူလိုသော ဂျက်တိုက်လေယာဉ်အမျိုးအစားမှာ ယူရိုဖိုက်တာ တိုက်ဖွန်းဖြစ်သည်။ အင်ဂျင်နှစ်လုံးတပ် အဆိုပါတိုက်လေယာဉ်သည် ဥရောပလေကြောင်းအာကာသ ကုမ္ပဏီများ ပါဝင်သည့် လုပ်ငန်းအုပ်စုကြီးတစ်ခု ဖြစ်သော European GmbH က ထုတ်လုပ်သော လေယာဉ် အမျိုးအစား ဖြစ်သည်။

အဆိုပါ လုပ်ငန်းစု ကုမ္ပဏီများ ပါဝင်သောအုပ်စုက ယူရိုဖိုက်တာ တိုက်လေယာဉ် အမျိုးအစားသစ်များကို တီထွင်ဆန်းသစ် ထုတ်လုပ်လျက်ရှိသည်။ ယူရိုဖိုက်တာ တိုက်ဖွန်း အမျိုးအစား တိုက်လေယာဉ်ကို အီတလီလေတပ်တွင် အသုံးပြုလျက်ရှိပြီဖြစ်သည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ဩစတြေးလျနိုင်ငံက ယူရိုဖိုက်တာ တိုက်ဖွန်းအမျိုးအစား တိုက်လေယာဉ် ၁၈ စင်းကို ဝယ်ယူခဲ့သည်။

ဆော်ဒီ အာရေဗျနိုင်ငံသည် ဖော်ပြပါ တိုက် လေယာဉ်ကို ၇၂ စင်းအထိ ဝယ်ယူရန် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည်။

အင်တာနက်။



အမေရိကန်နိုင်ငံ စက်ရုပ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက တီထွင်ထုတ်လုပ်ထားသော ဗုံးရှင်းလင်းရေးစက်ရုပ်ကို မေ ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီကွေဒေါရေနံလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် မလေးရှားကို ဖိတ်ခေါ်

ကွာလာလမ်ပူ မေ ၂၇

အီကွေဒေါနိုင်ငံ၏ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေး စီမံကိန်းများတွင် မလေးရှားကုမ္ပဏီများ ပါဝင်ဆောင်ရွက်ရန် ယင်းနိုင်ငံက ဖိတ်ခေါ်ထားကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာအိဒ်ဟာမစ်အယ်လ်ဘာက သောကြာနေ့တွင် ပြောကြားသည်။

တောင်အမေရိကတိုက်ရှိ အီကွေဒေါနိုင်ငံသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အီကွေဒေါနိုင်ငံ၏ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေးစီမံကိန်းများတွင် မလေးရှားနိုင်ငံပိုင် ပီထရိုးနတ်စ်ကုမ္ပဏီ ပါဝင်ဆောင်ရွက်ရန် ယင်းနိုင်ငံက ကမ်းလှမ်းထားကြောင်း ဆာအိဒ်က အီကွေဒေါနိုင်ငံခြားရေးဝန်ကြီး ဖရန်စစ္စကိုကာရီယွန်မီနာနှင့် ပူထရာဂျာယားတွင် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် မှားခဲ့သည့်အမှားမျိုး အီရန်တွင် ထပ်မမှားရန် ရပ်ဆန်ဂျာနီ သတိပေး

တီဟီရန် မေ ၂၇

အမေရိကန်နှင့် ဗြိတိန်အစိုးရတို့အနေဖြင့် အီရတ်တွင် မှားခဲ့သည့်အမှားမျိုး အီရန်ကိစ္စတွင် ထပ်မမှားစေရန် အီရန်သမ္မတဟောင်း ရပ်ဆန်ဂျာနီက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဝန်ခံပြောကြား

အီရတ်ကိစ္စတွင် မှားယွင်းမှုများရှိခဲ့သည်ဟု သမ္မတ ဂျော့ရှ်၊ဘုရှ်နှင့် ဝန်ကြီးချုပ် တိုနီဘလဲတို့ အိမ်ဖြူတော်တွင် တွေ့ဆုံဆွေးနွေးခဲ့စဉ် ဝန်ခံပြောကြားပြီး နောက်တစ်ရက်တွင် ရပ်ဆန်ဂျာနီက အထက်ပါအတိုင်း သတိပေးပြောကြားခြင်းဖြစ်သည်။ နိုင်ငံကြီးနှစ်နိုင်ငံမှ ခေါင်းဆောင်နှစ်ဦးတို့က ဝန်ခံပြောကြားသွားကြပြီဖြစ်ကြောင်း ရပ်ဆန်ဂျာနီက အီရန်နိုင်ငံပိုင် ရေဒီယိုသို့ ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ တင်းမာသည့် သဘောထားကို ဆက်လက်ကိုင်စွဲထားပါက အီရန်အရေးကိစ္စအပေါ် ယင်းကဲ့သို့ ဝန်ခံမှုများ ပြုလုပ်ရဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ တည်ထောင်မှု ၃၀၃နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပနေသည်ကို မေ ၂၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရိုမေးနီးယားမှ ကြက်ငှက်တင်သွင်းမှု ဘူလ်ဂေးရီးယား ပိတ်ပင်တားမြစ်မည်

ဆိုဖီယာ မေ ၂၇

ရိုမေးနီးယားနိုင်ငံ၌ ကြက်ငှက်များစွာတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသည်ကို တွေ့ရှိရပြီးနောက် အဆိုပါနိုင်ငံမှ ကြက်သားထွက်ကုန်ပစ္စည်းများ တင်သွင်းမှုကို ဘူလ်ဂေးရီးယားနိုင်ငံက တားမြစ်မည်ဖြစ်ကြောင်း စနေနေ့တွင် ကြေညာသည်။

ရိုမေးနီးယားနိုင်ငံတွင် ယခုလ၌ သေစေလောက်သော H5 N1 ဗိုင်းရပ်စ်ကို ကြက်ငှက်အကောင် ၄၀ တွင် စုံစမ်းတွေ့ရှိခဲ့သည်။ ထိုသို့ တွေ့ရှိပြီးနောက် ဘူခါရက်မြို့ အပါအဝင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားရာနေရာများကို ယာယီသွားလာမှုပိတ်ထားပြီး နိုင်ငံတွင်းရှိ ကြက်ငှက်များကိုလည်း တာဝန်ရှိသူများ သတ်ဖြတ်ခဲ့သည်။

ရိုမေးနီးယားနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ မိမိတို့နိုင်ငံက စောင့်ကြည့်လျက်ရှိကြောင်း ဘူလ်ဂေးရီးယား စိုက်ပျိုးရေးဝန်ကြီး နီဟက်ကာဘယ်လ်က သတင်းထောက်များကို ပြောကြားသည်။

ရိုမေးနီးယားမှ ကြက်ငှက်အရှင်၊ ဥများနှင့် ကြက်ငှက်ထွက်ကုန်ပစ္စည်းများ တင်သွင်းမှုကို ဘူလ်ဂေးရီးယားနိုင်ငံက ပိတ်ပင်တားမြစ်မည်ဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင် ဘူလ်ဂေးရီးယား၌ ကြက်ငှက်တုပ်ကွေး ဖြစ်ပွားသော ကြက်ငှက်လေးကောင်ကို တွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ဆေးလိပ်ကင်းစင်ကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်ကျား၊ ဆေးလိပ်၊ အမှိုက်ကင်းစင်သော ကျောင်းများ သတ်မှတ်နိုင်ရေး လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်ကျား၊ ဆေးလိပ်၊ အမှိုက်ကင်းစင်သော ကျောင်းများအဖြစ် သတ်မှတ်နိုင်ရေး လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်းကို အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက **"ဆေးလိပ်ကင်းစင်ကျောင်း၊ အေးဒိ(စ်) ခြင်ကျား ကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်း"** ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စုပေါင်းစိုက်ပျိုး

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည် တော်များသည် ကျောင်းဝင်းအတွင်း၌ ပြသထားသည့် သွေးလွန်တုပ်ကွေးရောဂါ ပညာပေး သရုပ်ပြကားချပ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ ခြင်များမခိုအောင်းနိုင်စေရန် ဆေးဖျန်းခြင်း၊ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို လိုက်လံကြည့်ရှုကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ အစီအစဉ် ဒုတိယပိုင်းကို အဆိုပါကျောင်းရှိ အောင်ကျော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်၏ လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်သည့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဦးတည်ချက် အောင်မြင်စေရေးအတွက် အထောက်အကူပြုသည့် ကျောင်းသန့်ရှင်းရေးနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများတွင် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆောင်ရွက်လျက်ရှိသောကျောင်းသန့်ရှင်းရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် ဦးအောင်မြတ် မန်နေဂျင်းဒါရိုက်တာ Mother Trading Co., Ltd)က ငွေကျပ် ကိုးသိန်း၊ သီရိခမ္မမဏိဇောတရေ ဦးစိုးဟန်လင်းက ငွေကျပ် ငါးသိန်း၊ ဦးကျင်ဦး (ဥက္ကဋ္ဌ Popular Plastic Indu-stry Group) က ငွေကျပ်လေးသိန်းနှင့် ဦးသိန်းမောင် ဒေါ်ပါပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀ စုစုပေါင်း အလှူငွေကျပ် ၂၁၀၃၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် သွေးလွန်တုပ်ကွေးရောဂါ ဆေးလိပ်နှင့် ခြင်ကျားကင်းစင်သော ကျောင်းများဖြစ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ အခြေခံပညာကျောင်း ၄၆၃ ကျောင်းအတွက် ငွေကျပ် ၁၈၅၅၀၀၀ တန်ဖိုးရှိ အမှိုက်ပုံးအလုံး ၇၀၀ကို ခရိုင်ပညာရေးမှူး ဦးတင့်လွင်ထံ လွှဲပြောင်းပေးအပ်သည်။

အသင်းဝင်အဆိုပြုလွှာ

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်တို့က ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များတွင် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးကားချပ် ၁၄ခုကို ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များကိုယ်စား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဆွေထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသည့် ဗိုလ်တထောင်မြို့နယ် ကျန်းမာရေး ဦးစီးဌာန နှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့မှ ကြီးမှူးကျင်းပသော ၄ကျဖျားနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး အတွက် ဆေးစိမ်ခြင်ထောင် ပေးအပ်ခြင်းနှင့် အဝတ်အစား ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၆ရက်က မြောက်ဥက္ကလာပမြို့နယ် အထက-၃ ကျောင်းခန်းမတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ဆေးစိမ်ခြင်ထောင်များကို တံတားကြီး ရပ်ကွက်နေ ဒေါ်ဖြူဖြူအား ပေးအပ်စဉ်။ (မိခင်/ကလေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ခေတ်မီလှပနေထိုင်ဖို့ တိုက်လှလှလေးဆောက်ကြစို့
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၂၅	၂၀၀၅ ပန်းချီ၊ ပန်းပု ကျောင်းဆင်းပွဲ
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	မိခင်လောင်းများအတွက် အာဟာရ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	လူငယ်အာဟာရ (ဖိုးကာနှင့်တွေ့ဆုံခြင်း)
၈း၅၀	မိုးလေဝသခန့်မှန်းချက်
၈း၅၅	မှိုအသားမျှင် တစ်သျှူးမျိုးပွားနည်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	ရှုချင်စရာမျက်လှည့်ပဒေသာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	Art & Technology Talk
၁၀း၅၀	စေ့စေ့စပ်စပ် (ဇော်ဦး၊ ခိုင်နှင်းဝေ)
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ခရစ်ကတ် အားကစားမိတ်ဆက်
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာ မူပိုင်ခွင့်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

စုပေါင်းကျောင်းအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

သဃ်န်းကျွန်းမြို့နယ်(င/က)ရပ်ကွက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျောင်းနေအရွယ် ချို့တဲ့သော ကျောင်းသား၊ ကျောင်းသူများအား စုပေါင်းကျောင်းအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အမက(၁၃) ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေက အမှာစကားပြောကြားသည်။ **(ဓဲပုံ)**

ထို့နောက် အသင်းဝင်များနှင့် ရပ်မိရပ်ဖအလှူရှင်တို့က ကျောင်းနေအရွယ် ချို့တဲ့ကလေး ၄၅ဦးတို့အတွက် ကျောင်းအပ်နှံရေး ထောက်ပံ့ငွေ ၈၄၅၆၆ ကျပ်ကို လှူဒါန်းကြရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေနှင့် မြို့နယ်အလုပ်အမှုအဆောင်များ၊ င/က ရပ်ကွက် အသင်းစည်းရုံးရေးမှူး ဦးလှသိန်းနှင့် တာဝန်ရှိသူတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။ (၅၀၆)

အမေရိကန် ပင်လယ်ဆိပ်ကမ်းများ ငလျင်ဒဏ်ခံနိုင်ရည် မရှိ ငလျင်အန္တရာယ် ကာကွယ်ရေးစီမံကိန်း ဆောင်ရွက်မည်

ကြေးမုံ The Mirror
အင်တာနက် သတင်း

အုတ်ကလန် မေ ၂၈

အမေရိကန်ပြည်ထောင်စုရှိ ပင်လယ်ဆိပ်ကမ်းများသည် မြေငလျင်၏ ဘေးအန္တရာယ်ကို ခံနိုင်ရည် မရှိကြောင်း၊ သို့ဖြစ်၍ မြေငလျင်ကြောင့် ပင်လယ်ဆိပ်ကမ်းများ ထိခိုက်ပျက်စီးရခြင်းမှ ကာကွယ်နိုင်ရန် မဟာဗျူဟာများ ရေးဆွဲချမှတ်မည့် စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မေ ၂၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပင်လယ်ဆိပ်ကမ်း များအား မြေငလျင်ဘေးဒဏ်မှ ကာကွယ်ပေးရေး ဗဟာဗျူဟာချမှတ်ရေး စီမံကိန်းကို ဂျော်ဂျီယာ နည်းပညာသိပ္ပံက အကောင်အထည်ဖော်မည်ဖြစ်သည်။

အမေရိကန် ပင်လယ်ဆိပ်ကမ်းများသည် နိုင်ငံတကာကုန်သွယ်ရေးတွင် အထူးတလည် အရေးပါကြောင်း၊ အမေရိကန်ရှိ ပင်လယ်ဆိပ်ကမ်းများ အနက် နိုင်ငံအနောက်ပိုင်းရှိ အုတ်ကလန်၊ လော့စ်အိန်ဂျလိစ်၊ လောင်းဘိချ်နှင့် ဆီယက်တယ်လ် ပင်လယ်ဆိပ်ကမ်းများသည် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးနိုင်မှု ဘေးအန္တရာယ် အကြီးမားဆုံး ဆိပ်ကမ်းများ ဖြစ်ကြောင်း၊ နိုင်ငံအရှေ့ပိုင်းရှိ ချာလက်စတန်၊ ဆာဗန်းနား စသည့် ပင်လယ်ဆိပ်ကမ်း များမှာလည်း မြေငလျင်ဘေးဒဏ်အတွက် စိုးရိမ်စရာကောင်းလှကြောင်း အဆိုပါ စီမံကိန်းအတွက် ရန်ပုံငွေ ကမကထ ပြုပေးသော အမျိုးသား သိပ္ပံဖောင်ဒေးရှင်းက ပြောကြားသည်။

ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် ၁၉၉၅ ခုနှစ်က ရစ်ချ်တာစကေးအရ အင်အား ၆ ဒသမ ၉ ရှိ မြေငလျင်လှုပ်ခဲ့ရာ ယင်းမြို့သာမက ယင်းမြို့ရှိ ပင်လယ်ဆိပ်ကမ်းပါ အကြီးအကျယ် ပျက်စီးခဲ့ရသည်။

ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် အကြီးဆုံး ပင်လယ်ဆိပ်ကမ်းဖြစ်သော ကိုဘေး ပင်လယ်ဆိပ်ကမ်းကို ပြန်လည်တည်ဆောက်နိုင်ရန် ဒေါ်လာ ၈ ဒသမ ၆ ဘီလီယံ အကုန်အကျခံ၍ နှစ်နှစ်ကြာ အချိန်ယူခဲ့ရသည်။

အင်တာနက်။



ငလျင်ဒဏ် ခံနိုင်ရည်မရှိသည့်အမေရိကန်ပင်လယ်ဆိပ်ကမ်းများ၏ တည်နေရာပြမြေပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လူများတွင်တွေ့ရသော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ချင်ပန်ဇီမျောက်ရိုင်းများ၌ စတင်ကြောင်း တွေ့ရှိရဟုဆို

လော့စ်အိန်ဂျလိစ် မေ ၂၆

ကင်မရွန်းနိုင်ငံ သစ်တောမြေတွင် တွေ့ရသော တောရိုင်းချင်ပန်ဇီမျောက်များ၏ မစင်များကိုယူကာ သိပ္ပံပညာရှင်တစ်စုက လေ့လာမှုပြုလုပ်ခဲ့သည်။ ထိုလေ့လာမှုမှ ထွက်လာသောအဖြေသည် လူများတွင် ဖြစ်ပေါ်နေသော အိပ်ချ်အိုင်ဗွီ အိတ်စ်ရောဂါ၏ ဇစ်မြစ်သည် တောရိုင်းချင်ပန်ဇီများတွင် စတင်ကြောင်း တွေ့ရသည်ဟုဆိုသည်။

အဆိုပါလေ့လာချက်ကို မေ၂၅ရက်နေ့ထုတ် အွန်လိုင်းသိပ္ပံဂျာနယ်များတွင် ဖော်ပြထားသည်။ ထိုလေ့လာချက်ကို အမေရိကန်၊ ကင်မရွန်းနှင့် ဥရောပမှ ပညာရှင်များပူးပေါင်းကာ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အာဖရိကအနောက် အလယ်ပိုင်းတွင် ကျက်စားသော ချင်ပန်ဇီမျောက်ဝံရိုင်းများ၏ မစင်များကို ရယူကာ မျိုးဗီဇဆိုင်ရာ လေ့လာမှုများကို ပြုလုပ်ခဲ့သည်။

ထိုလေ့လာမှုကြောင့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး၏ မူရင်းမျိုးဗီဇကို ခြေရာခံနိုင်ခဲ့သည်။ ယခုလေ့လာတွေ့ရှိချက်များနှင့် ယခင်လေ့လာတွေ့ရှိချက်များမှ ရရှိထားသော အဖြေများကို ဆက်စပ်ယူလိုက်သောအခါ အိပ်ဒ်ရောဂါ ကူးစက်ဖြစ်ပွားရသည့်အကြောင်းခံနှင့် အိပ်ချ်အိုင်ဗွီ-ဝမ်း (HIV-1) ဗိုင်းရပ်စ်တို့၏ မျိုးဗီဇများကို ရှာဖွေနိုင်ခဲ့ကြသည်ဟု သုတေသီ အဖွဲ့ခေါင်းဆောင် ဘီးထရစ်ဟန်က ပြောကြားသည်။ ၎င်းသည် အယ်လဘားမားတက္ကသိုလ်မှ ကျွမ်းကျင်သူပညာရှင်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် အိပ်ချ်အိုင်ဗွီ-ဝမ်း ဗိုင်းရပ်ပိုးနှင့် အက်စ်အိုင်ဗွီ (SIV) ဗိုင်းရပ်စ်တို့ နီးစပ်သည့် ဆက်သွယ်မှုရှိသည်ဟု ယခင်ကပင် တွေးဆထားခဲ့ကြသည်။ ယခင်အခါများက အက်စ်အိုင်ဗွီဗိုင်းရပ်စ်ကို အရိုင်းဘဝတွင်ရှိသော ချင်ပန်ဇီများ၌ မတွေ့ရဘဲ လူများလှောင်၍ မွေးထားသော ချင်ပန်ဇီများ၌သာ တွေ့ကြရသည်။ သို့ဖြစ်၍ အက်စ်အိုင်ဗွီပိုးမှ အိပ်ချ်အိုင်ဗွီ-ဝမ်းပိုးအဖြစ် ပြောင်းလဲသွားသည် ဟူသောအယူအဆကို စွန့်ပစ်ရမည့်ကဲ့သို့ ရှိသည်။

သို့ရာတွင် ယခုနောက်ဆုံးလေ့လာချက်အရ ချင်ပန်ဇီအရိုင်းများ၏ ချေးတွင် အက်စ်အိုဗွီဗိုင်းရပ်စ် ပဋိပစ္စည်းများနှင့် နျူကလီးရစ်အက်ဆစ်များကိုပါ တွေ့ခဲ့ရသည်။ ထိုတွေ့ရှိချက်က တောရိုင်းချင်ပန်ဇီများတွင် အက်စ်အိုင်ဗွီပိုးရှိသည်ဆိုသော အချက်ကို အခိုင်အမာ သက်သေထူနိုင်ခဲ့သည်။

သို့ဖြစ်၍ တောရိုင်းချင်ပန်ဇီမျောက်များတွင် ဖြစ်ပွားသော အက်အိုင်ဗွီဗိုင်းရပ်သည် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ် အသွင်ပြောင်းသွားသည်ဆိုသော အယူအဆကို လက်ခံနိုင်သည့် အထောက်အထား ရရှိလာသည်။ ထို့ကြောင့် လူများတွင် ဖြစ်ပေါ်သော ခုခံအားကျဆင်းမှုရောဂါသည် ချင်ပန်ဇီများတွင် အစပြုသည်ဟု လက်ခံနိုင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ကောက်ချက်ဆွဲခဲ့သည်။ ***အင်တာနက်။***

အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး၏ မူလအစ ဖြစ်သော ချင်ပန်ဇီမျောက်မျိုး တစ်ကောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဒေါက်တာယဉ်မင်းဦး(ခ) ဒေါက်တာနိုက်တင်ဂေးလ်က ချင်းတောင်တန်း သာသနာပြုဆရာတော် ဘဒ္ဒန္တစန္ဒိမာသို့ သာသနာပြုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ အဝတ်အထည်များ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေသင်္ကန်းကပ်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၂၈

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ စုပေါင်းရပ်ကွက် ယင်းမာမြိုင်လမ်းနေ ဦးမင်းသူ-ဒေါက်တာသစ်သစ်ဦး၊ သား မောင်ဘုန်းမြင့်သူ၊ မောင်ကျော်ဇင်သူ မိသားစုက ကြာသွပ်အိုးတစ်လုံးအတွက် အလှူငွေ ကျပ် ၂၅၀၀၀၀**(အပေါ်ပုံ)**၊ ဒဂုံမြို့သစ်တောင်ပိုင်း (၅)ရပ်ကွက်၊ ဇေယျာမြိုင်လမ်းနေ ဒေါ်အေးရီမိသားစုက နှစ်လက်မပတ်လည် ရွှေတစ်ဆိုင်း ကျပ် ၁၆၀၀၀၊ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အထက်ဗဟိုလမ်းနေ ဒေါ်မြမြ-ဒေါ်အေးအေးသိန်းတို့က ၁၂လက်မရွှေချပြီးတစ်ချပ် ကျပ် ၇၀၀၀ကို မေ ၂၅ရက်က ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ရုံး အင်းစိန် ဖုန်း-၆၄၀၄၈၇ သို့ လာရောက်လှူဒါန်းရာ ရွှေစည်းခုံဘုရားကြီးဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀အဖွဲ့နာယက ဦးအေးသိန်း၊ ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့် အမှုဆောင်အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (၆၁)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်တရားရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုဇီတာ(၅)လမ်းနေ ဦးတင်မြင့်၊ သမီး မမြင့်မြင့်မာ မိသားစုက အလှူငွေကျပ်တစ်သိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လက်ခံရယူ

သန်လျင် နာရေးကူညီမှုအသင်းသို့ သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် ဓာတ်ရုံလမ်းနေ ဦးမြင့်ဦး-ဒေါ်စန်းလွင် မိသားစုက ငွေကျပ်တစ်သိန်းကို မေ ၂၁ ရက်က အသင်းရုံး၌ ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးတင်ရှိန်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။ (၅၂၇)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် အုတ်လမ်းဝင်းကမ္ဘာနိဗ္ဗာန်ကုန်ဆိုင်နေ မိခင်ကြီး ဒေါ်ခင်ရွှေ၏ (၈၇)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ် ၁၁၀၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

အမှာစကား ပြောကြား

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း မွန်ပြည်နယ် သထုံမြို့နယ်ရှိ မရမ်းကုန်းရေထိန်းတံခါး ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(လယ်/ဆည်)

ရေသယံဇာတ၊ မြေသယံဇာတများကို အပြည့်အဝ အသုံးချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီဆောင်ရွက်လျက်ရှိ

* **ရှေ့ဖုံးမှ**

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားရာတွင် ယခု ရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် မရမ်းကုန်းချောင်းဘေးရှိ စိုက်ပျိုးမြေများ အချိန်မီစိုက်ပျိုးနိုင်ပြီး ဧက ၁၀၀၀၀ ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ရေထိန်းတံခါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက် တည်ဆောက်ပြီးစီးခဲ့သည့် ၁၈၆ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး မွန်ပြည်နယ်အနေဖြင့် ကိုးခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း။

အကျိုးကျေးဇူး

သထုံမြို့နယ်အတွင်းရှိ ဆားချောင်းနှင့် မရမ်းကုန်းချောင်းဝန်းကျင်ရှိ ရေကြီးရေလွှမ်းကွင်းများတွင် မိုးရာသီ ဒီရေတက်ချိန်၌ ဒီရေများ ကုန်းတွင်းသို့ ဝင်ရောက်မှု မရှိစေရန်နှင့် ဒီရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ပိုလျှံရေများကို ထုတ်နုတ်ပေးနိုင်ခြင်းဖြင့် လယ်မြေများ ရေလွှမ်းခံရမှု သက်သာစေရန် မိုးနှောင်းကာလ မိုးစပါးအောင်ရေဖြည့်ဆည်းပေးနိုင်ရန်၊ နွေရာသီတွင် ပင်လယ်ဆားငန်ရည်နှင့် သဲနုန်းများ လယ်မြေအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန်နှင့် ရေချိုထိန်းသိမ်းထားနိုင်ရန် စသည့်အကျိုးကျေးဇူးများရရှိရန် ရည်ရွယ်၍ ဤမရမ်းကုန်းရေထိန်းတံခါးကို တည်ဆောက်ရခြင်းဖြစ်ကြောင်း။

ယခု မရမ်းကုန်း ရေထိန်းတံခါး တည်ဆောက်ထားသည့် နေရာတွင် ယခင်က ဂဝံကုန်းကြီး တည်ရှိခဲ့သဖြင့် တောင်ကျရေများကို ပင်လယ်ဘက်သို့ ထုတ်နုတ်နိုင်ခြင်း မရှိဘဲ ရေကြီးရေလွှမ်းကွင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ ဂဝံကုန်းကြီးကို အနည်းဆုံး ခြောက်ပေမှ အများဆုံး ၁၂ ပေအထိ နှိမ့်ချနိုင်ရန်အတွက် လွန်တူးမိုင်းခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မိုးရာသီတွင် ရေများ ပိုမိုထိရောက်စွာထုတ်နိုင်ပြီး ရေကြီးရေလွှမ်းမှု သက်သာစေကာ သီးနှံများ ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် ရေတံခါးနှင့် တွဲလျက်တည်ဆောက်ထားသော တံတားပေါ်မှ ဖြတ်သန်း၍ အနီးအနားကျေးရွာများသို့ သွားရောက်နိုင်မည်ဖြစ်ကြောင်း။

မွန်ပြည်နယ်အနေဖြင့် မွန်ပြည်နယ်အတွင်းမှာရှိသည့် ရေသယံဇာတ၊ မြေသယံဇာတများကို အပြည့်အဝ အသုံးချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလိုကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး မိမိတို့လက်ဝယ် ရောက်ရှိလာသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို ရေရှည်သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း လိုကြောင်း။

ရေထိန်းတံခါး၊ ရေပေးမြောင်းများ၊ ရေပေးအဆောက်အအုံများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်နှင့် သတ်မှတ်ထားသည့် ဆည်မြောင်းတာတမံဆိုင်ရာ ဥပဒေများကိုလည်း လေးစားလိုက်နာကြရန် အထူးလိုအပ်ကြောင်း။

မရမ်းကုန်း ရေထိန်းတံခါးကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး သီးနှံစိုက်ပျိုးရေးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုအကျိုးဖြစ်ထွန်းရေးတို့အတွက် မိမိတို့ပြည်နယ်အတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ဒေသခံပြည်သူများက အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့် မရမ်းကုန်းရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(လယ်/ဆည်)

အထောက်အကူပြု

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဆားချောင်းနှင့် မရမ်းကုန်းချောင်းဝန်းကျင် ရေကြီးကွင်းများကို ရေတော်မိုးတော် စိုက်ပျိုးမြေများအဖြစ် အချိန်မီစိုက်ပျိုးနိုင်စေမည့်အပြင် နွေရာသီတွင် ရေချိုထိန်းသိမ်းပြီး နွေစပါးများ တိုးတက်စိုက်ပျိုးရအောင် မရမ်းကုန်းရေထိန်းတံခါးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ဒေသခံ တောင်သူလယ်သမားကြီးများနှင့် မိသားစုများ၏ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်မားတိုးတက်လာစေမည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရအောင် ယခု ရေထိန်းတံခါးကြီးက အထောက်အကူပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသနေပြည်သူများနှင့်ထပ်တူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားလိုကြောင်း။

ယခု တည်ဆောက် ဖွင့်လှစ်ပေးလိုက်သည့် မရမ်းကုန်း ရေထိန်းတံခါးသည် မွန်ပြည်နယ် သထုံမြို့နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးကြသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကိုဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းလာရအောင် တိုင်းပြည်၏ စီးပွားရေးအခြေခံဖြစ်သည့် လယ်ယာကဏ္ဍ တိုးတက်မြင့်မားစေရန် ယခု မရမ်းကုန်းရေထိန်းတံခါးသည် ၁၈၆ ခုမြောက် ဆည်မြောင်းစီမံကိန်းအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်က သီးနှံစိုက်ဧကသည် ၂၃ ဒသမ ၈ သန်းကျော်ရှိခဲ့ရာက ယခုအချိန်တွင် ဧက ၂၇ သန်းကျော်ထိ တိုးတက်စိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကာလအတွင်း နိုင်ငံတော်၌ ဆည်ရေသောက်ဧကနှစ်သန်းခြောက်သိန်းခန့် တိုးတက်ခဲ့ပြီး သီးနှံစိုက်စွမ်းအားအနေနှင့် ၁၉၈၈ခုနှစ်တွင် ၁၁၉ ဒသမ ၆ ရာခိုင်နှုန်းသာရှိနေခဲ့မှုတွင် ယခု ၁၅၇ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ကြောင်း။

အားပေးဆောင်ရွက်နေ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အဓိကဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအစီအမံများကို အစီအစဉ်ရှိရှိနှင့် လက်တွေ့ကျကျ ဆောင်ရွက်ပေးနေမှုနှင့်နည်းတူ တစ်ဖက်ကလည်း သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်အောင် အားပေးဆောင်ရွက်နေကြောင်း၊ ဆန်စပါးအပါအဝင် မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင် ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ကြံသီးနှံတို့ကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပြီး သတ်မှတ်ထားသည့် အထွက်နှုန်းရရှိရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ အချိန်ကာလတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ စွမ်းအင်ဖူလုံမှု ရရှိရေးအတွက် ကြိုးပမ်းနေကြပြီး အစားထိုးလောင်စာများ ထုတ်လုပ်သုံးစွဲနိုင်ရန် အာရုံစိုက် ဆောင်ရွက်နေကြကြောင်း၊ ဇီဝဒီဇယ် ထုတ်လုပ်နိုင်သည့် ကြက်ဆူသည် မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ ရာသီမရွေး၊ မြေကောင်းမြေသန့်မရွေး ပေါက်ရောက်နိုင်သည့် သီးနှံဖြစ်ကြောင်း၊ ကြက်ဆူကရသည့် အသီးကို တောင်သူများကိုယ်တိုင် အလွယ်တကူ ဆီကြိတ်နိုင်ပြီး ဒီဇယ်အင်ဂျင်ထဲတွင် တိုက်ရိုက်ထည့်သွင်း မောင်းနှင်နိုင်သည့်အတွက်

ရေတံခါးကြီးကြောင့် ဒေသ၏ ရေလွှမ်းခံ လယ်မြေဧက ၁၀၀၀၀ သည် ရေတော် မိုးတော် အဖြစ် ပြောင်းလဲဖြစ်ပေါ်ပြီး မိုးစပါးစိုက်ပျိုးမှုတွင် ပိုမိုဖြစ်ထွန်းမှုရှိလာတော့မည် ဖြစ်သကဲ့သို့ နွေစပါးနှင့် အခြားသီးနှံများ သီးထပ်စိုက်ပျိုးမှုတွင် အချိန်စောစိုက်ပျိုးမှုနှင့်အတူ သီးနှံစိုက်ပျိုးထွက်ရှိမှု တိုးတက်အောင်မြင်မှုများ အကျိုးခံစားရတော့မည်။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့ မရမ်းကုန်းရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကို အ[...] ကြောင်း။

ယခု ရေထိန်းတံခါးသည် ကွန်ကရစ်[...] ဖြစ်ပြီး အကျယ်ခြောက်ပေ၊ အမြင့် ၁၂ ပေ[...] ရေတံခါးအပေါက် ၁၅ ပေါက် ရေတံ[...] နိုင်ငံတော်က ကျပ်သန်းပေါင်း ၆၈၀ [...] တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ [...] ကြီးကြောင့် ဒေသ၏ ရေလွှမ်းခံ လယ်မြေ[...] သည် ရေတော် မိုးတော်အဖြစ် ပြောင်[...] မိုးစပါးစိုက်ပျိုးမှုတွင် ပိုမိုဖြစ်ထွန်းမှုရှိ[...] ဖြစ်သကဲ့သို့ နွေစပါးနှင့် အခြားသီးနှံများ [...] မှုတွင် အချိန်စော စိုက်ပျိုးမှုနှင့်အတူ သီးနှံစို[...] တိုးတက်အောင်မြင်မှုများ အကျိုးခံစား[...] ကြောင်း။

နိုင်ငံတော်က အကောင်အထည်ဖော်[...] လိုက်သည့် ရေထိန်းတံခါးကြီးကို သာ[...] အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေး[...] လိုကြောင်း၊ ရေထိန်းတံခါးကို အသုံးပြု[...] စီးပွားရေး ပိုမိုတိုးတက်အောင် ဆောင်ရွ[...]

နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တ[...] လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်အော[...] အထောက်အကူပေးကြရန် တိုက်တွန်[...] ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက[...] ခရိုင် သထုံမြို့နယ် မရမ်းကုန်းကျေးရွာမှ ဦး[...] မရမ်းကုန်းချောင်းပေါ်တွင် မရမ်းကုန်း[...] တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေ[...] ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေ[...] ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝ[...] ဖွင့်ပွဲအခမ်းအနား တက်ရောက်လာ[...] ရင်းရင်းနှီးနှီးလိုက်လံ တွေ့ဆုံနှုတ်ဆက်[...]

ထို့နောက် မင်္ဂလာအချိန်ကျရောက်သ[...] ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက မရမ်းကုန်း [...]

ပညာရေးဝန်[...]
ကျောင်းအပ်နှံ[...]
မေလ ၂၅ရက်မှ[...]

ကျောင်းနေအရွယ်ကလေး[...]
ပြည်သူအားလုံး ပါဝ[...]

ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကို အားပေးလျက်ရှိကြောင်း။

ယခု ရေထိန်းတံခါးသည် ကွန်ကရစ်ရေထိန်းတံခါးဖြစ်ပြီး အကျယ်ခြောက်ပေ၊ အမြင့် ၁၂ ပေ အရွယ်အစား၊ ရေတံခါးအပေါက် ၁၅ ပေါက် ရေတံခါးကြီးဖြစ်ပြီး နိုင်ငံတော်က ကျပ်သန်းပေါင်း ၆၈၀ အကုန်အကျခံ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ ယင်းရေတံခါးကြီးကြောင့် ဒေသ၏ ရေလွှမ်းခံ လယ်မြေဧက ၁၀၀၀၀ သည် ရေတော် မိုးတော်အဖြစ် ပြောင်းလဲဖြစ်ပေါ်ပြီး မိုးစပါးစိုက်ပျိုးမှုတွင် ပိုမိုဖြစ်ထွန်းမှုရှိလာတော့မည်ဖြစ်သကဲ့သို့ နွေစပါးနှင့် အခြားသီးနှံများ သီးထပ်စိုက်ပျိုးမှုတွင် အချိန်စော စိုက်ပျိုးမှုနှင့်အတူ သီးနှံစိုက်ပျိုးထွက်ရှိမှု တိုးတက်အောင်မြင်မှုများ အကျိုးခံစားရတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလိုက်သည့် ရေထိန်းတံခါးကြီးကို သားစဉ်မြေးဆက် အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားလိုကြောင်း၊ ရေထိန်းတံခါးကို အသုံးပြုပြီး မိမိတို့၏ စီးပွားရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရင်း

နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်အောင် ဖြည့်ဆည်း အထောက်အကူပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား သထုံခရိုင် သထုံမြို့နယ် မရမ်းကုန်းကျေးရွာမှ ဦးခွန်မင်းထွေးက မရမ်းကုန်းချောင်းပေါ်တွင် မရမ်းကုန်းရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံ တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက မရမ်းကုန်း ရေထိန်း တံခါး

ဇေယျဝတီဆရာတော်တရားဟောကြားမည်

ရန်ကုန် မေ ၂၈

ဇေယျဝတီဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ B.A)သည် အမှတ်(၈၂) နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ် ကျင်းပသော ၁၀ ရက် တရားစခန်းပွဲတွင် ဇွန် ၅ ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ အဖွဲ့ခွဲ အမှတ်(၁၂၉) ကျောင်းသစ်ကျောင်း ကန်ဦးရပ် မိတ္ထီလာမြို့၌လည်းကောင်း၊ ဇွန် ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိ သာစည်မြို့နယ် ရွှေလှဲရွာ ရွှေလုံတိုက်ကျောင်း၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ ကျောင်းဖြစ်မြောက်ရေးအတွက် လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၀၄၅၅၂၊ ၆၃၈၁၁၄၊ ၃၈၂၇၅၆၊ ဦးဌေးမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း-၆၆၁၅၅၃၊ ဦးမြင့်မောင် ဖုန်း-၇၂၆၅၀၄ တို့သို့ ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က မရမ်းကုန်းရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ၊ တည်ဆောက်ရေး(၆)မှ တာဝန်ရှိသူများနှင့်အတူ ရေထိန်းတံခါးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖွင့်ပွဲမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က မရမ်းကုန်းရေထိန်းတံခါး တည်ဆောက်ရသည့် ရည်ရွယ်ချက်နှင့် ရေထိန်းတံခါး၏ အကျိုးပြုမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ရေထိန်းတံခါး၏ အကျိုးပြုဧရိယာနှင့် မိုးစပါးနှင့် နွေစပါး သီးထပ်စိုက်ပျိုးမည့် သီးနှံပုံစံတို့ကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်း ဆွေးနွေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

မရမ်းကုန်းရေထိန်းတံခါးသည် ရေဆင်းဧရိယာ ၂၇ ဒသမ ၅ စတုရန်းမိုင်ရှိသည့် မရမ်းကုန်း ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ကွန်ကရစ် ရေထုတ်ရေထိန်းတံခါးဖြစ်သည်။ ရေတံခါး အရွယ်အစားမှာ အကျယ်ခြောက်ပေ၊ အမြင့် ၁၂ ပေရှိပြီး ရေတံခါး စုစုပေါင်း ၁၅ ပေါက် ပါရှိသည်။ ရေခေါ်မြောင်းမကြီးသည် အရှည်ပေ ၁၀၅၆၀ ရှိပြီး ရေထုတ်မြောင်းမကြီးသည် အရှည်ပေ ၇၉၂၀ရှိသည်။ ရေထိန်းတံခါး၏ အကျိုးပြု ဧကမှာ တစ်သောင်းဖြစ်သည်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်မှာကြား တင်ပြရောင်းချလိုသည့် ရတနာကုန်သည်များ ဇွန် ၃ ရက် နောက်ဆုံးထားအပ်နှံနိုင်

ရန်ကုန် မေ ၂၈

၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာပြပွဲခန်းမ၌ ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ အစည်းအဝေးသို့ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ပြန်လည်ဆွေးနွေး

ရှေးဦးစွာ ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၄ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာနှင့် ကျောက်မျက် ရတနာပြပွဲခန်းမတို့၌ ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ စီမံရေးရာ၊ ပြန်ကြားရေးနှင့် လုံခြုံရေး ဆပ်ကော်မတီများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ အထူးရောင်းချပွဲသို့ တက်ရောက်ရန် ပြည်ပရတနာကုန်သည်များနှင့် ပြည်တွင်းမှ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ကြားထားမှု အခြေအနေကိုလည်းကောင်း၊ ရောင်းချရသောပစ္စည်းများအတွက် ငွေပေးချေရန် စည်းကမ်းသတ်မှတ်ချက်များကိုလည်းကောင်း အသီးသီး တင်ပြကြရာ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗဟိုကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဗဟိုကော်မတီဝင်များ ဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များ ဖြည့်စွက်မှာကြားပြီး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုတိုးတက်ရရှိရေးတို့အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် နိုဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲ အထူးရောင်းချပွဲသို့ တင်ပြရောင်းချ လိုသည့်ရတနာကုန်သည်များသည် လာမည့် ဇွန် ၃ ရက် နောက်ဆုံးထား၍ ကျောက်မျက်ရတနာများကို လာရောက်အပ်နှံနိုင်သည်။ (သတင်းစဉ်)

အခက်ခဲနှင့်အောင်ပွဲ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၈

စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသော "အခက်ခဲနှင့်အောင်ပွဲ" စာအုပ်ကို မေ ၂၅ ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း "အခက်ခဲနှင့်အောင်ပွဲ"တွင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က ပြည်တွင်းခရီးစဉ် အတွေ့အကြုံများ၊ အထူးသဖြင့် ကျေးရွာစာကြည့်တိုက်များ တိုးတက်လာရေးအတွက် ပြုစုပျိုးထောင်ရေးကို စာဖတ်သူများသို့ တိုက်တွန်းအားပေးချက်များ အပါအဝင် အခြားတွေ့ကြုံမှုများကို လေ့လာရေးသားခဲ့သော ဆောင်းပါး ၁၈ပုဒ် ပါဝင်သည်။

အခက်ခဲနှင့်အောင်ပွဲ ဟူသည် ဒင်္ဂါးပြားတစ်စေ့၏ ခေါင်းနှင့် ပန်းကဲ့သို့ဖြစ်ပြီး အခက်ခဲကို မကျော်လွှန်ဘဲ အောင်ပွဲမရနိုင်၊ အခက်ခဲတို့ကို အရင်းတည်ပြီးမှ ကြီးကျယ်သော အောင်မြင်မှုကို ရရှိစမြဲဖြစ်ကြောင်း အောင်ပွဲနှင့်စပ်လျဉ်း၍ ယင်းစာအုပ်တွင် ညွှန်းဆိုဖော်ပြထားသည်။

ယင်းစာအုပ်ကို အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ နိုင်စာပေမှ ထုတ်ဝေ၍ တန်ဖိုးမှာ ငွေကျပ် ၇၅၀ ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၂၅ ၈။ စစ်ကိုင်းတိုင်းပုထိုးလုံးတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၀ ၄။ တေးဂီတအစီအစဉ်

၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၅:၀၅ ၆။ အကပဒေသာ

၅:၁၅ ၇။ မြန်မာစာမြန်မာ့စကား

၅:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊အကများ

၅:၄၀ ၉။ **"အနိုင်အရှုံး" (ပေစီ၊ ကောင်းမြတ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**

၅:၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၂၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ အဆိုပြိုင်ပွဲ

၆:၄၅ ၁၄။ စက်မှုစွမ်းအားခေတ်ကျော်လွှား

၆:၅၅ ၁၅။ အကပြိုင်ပွဲ

၇:၀၀ ၁၆။ တေးဂီတအစီအစဉ်

၇:၁၅ ၁၇။ မြန်မာမှုပန်းဆယ်မျိုး(ပန်းတဉ်း)

၇:၂၅ ၁၈။ အတီးပြိုင်ပွဲ

၇:၄၀ ၁၉။ ပညာဥယျာဉ်လှုတိုင်းအကျုံးဝင် ပွင့်သောပန်းတိုင်းမွှေးစေချင်

၈:၀၀ ၂၀။ ပြည်တွင်းသတင်း

၂၁။ နိုင်ငံတကာသတင်းများ

၂၂။ မိုးလေဝသအခြေအနေ

၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၁၇)**

၂၄။ နောက်တစ်နေ့အစီအစဉ်

၂၅။ အစီအစဉ်ပြီး၏။

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မေလ ၂၅ရက်မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံး ဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

➪ ဘွက်ကြီးတံတားမှ

ပြီးစီး၍နှစ်တိုင်သာကျန်ရှိသည်။ ပြည်ဘက်ကမ်းချဉ်းကပ်တံတား၌ တံတားတိုင်ကိုးတိုင် အားလုံးပြီးစီးလျက်သံကူကွန်ကရစ် ရက်မလေးခန်းတင်ပြီးဖြစ်သည်။ အောင်လံဘက်ကမ်း၌ တံတားတိုင်ရှစ်တိုင်ရှိသည့်အနက် နှစ်တိုင်ပြီးစီး၍ ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘွက်ကြီးတံတားစီမံကိန်းမှ ဆက်လက်ထွက်ခွာခဲ့ရာ ပုသိမ်-မုံရွာလမ်း (ပခုက္ကူ-ဆိပ်ဖြူအပိုင်း) မိုင်တိုင် (၁၉/၂)ရှိ ယောချောင်းတံတား(ကံတွင်း)လုပ်ငန်း စီမံကိန်းသို့ရောက်ရှိသည်။ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့ ၁၄ မှ တာဝန်ခံ အင်ဂျင်နီယာဦးကျော်လင်းက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လက်ရှိတစ်လမ်းသာ အသုံးပြုနေရာမှ နှစ်လမ်းစလုံးအသုံးပြုနိုင်ရန်၊ ကျန်လုပ်ငန်းများ အမြန်ဆောင်ရွက်ရန်မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယောချောင်းတံတား(ကံတွင်း)မှာ ယခင်က ဘေလီတံတားဖြစ်ပြီး ယင်းကို လွန်တူးဘိုးပိုင် သံကူကွန်ကရစ်တိုင်၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့်သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၅၂၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်း အကျယ် သုံးပေစီ နှစ်ဖက်ပါရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်သည်။

ယခုအခါ ယောချောင်းတံတား (ကံတွင်း)မှာ တံတားလက်ရမ်းနှင့် လူသွားလမ်းသာဆောင်ရွက်ရန်ကျန်ရှိပြီး ယာဉ်နှစ်လမ်းမောင်းနှင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

❒ အမှတ်(၂) မှ

ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မိုးရာသီရောက်ရှိလာတော့မည်ဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလတွင် လုပ်ငန်းများပြီးစီးရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားပြီး မြစ်ကျော်မဟာဓာတ်အားလိုင်းသွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်းစက်များလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စက်ရုံမှူးက သဘာဝဓာတ်ငွေ့ရရှိမှု၊ စက်များလည်ပတ်နေမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်ရုံအနေဖြင့် ရန်ကုန်မြို့တော်အား လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့် စက်ရုံတစ်ခုဖြစ်သည်နှင့်အညီ စွမ်းအားပြည့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ စက်ရုံလုံခြုံရေးစသည်တို့ကို မှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်ရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနသို့ ရောက်ရှိပြီး ဌာနမှူးက ဌာနအတွင်း လှည့်လည်ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရန်ကုန်မြို့တော်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် မီတာလုံးရေ ၁၀၀၀၀၀ တပ်ဆင်နိုင်ရေး စီမံချက်ချဆောင်ရွက်လျက်ရှိရာယနေ့အထိ ၇၂၅၀၇ လုံး စစ်ဆေးစမ်းသပ်ပြီး မီတာတပ်ဆင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မီတာများ သတ်မှတ်စံချိန်စံညွှန်းမီ/မမီ စစ်ဆေးစမ်းသပ်သည့် ဌာနတစ်ခုဖြစ်သည်နှင့်အညီ လုပ်ငန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ဌာနအချင်းချင်း အဆင်ပြေချောမောစွာ ဆက်သွယ်ပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသား စီးပွားရေးကို မြှင့်တင်ရာတွင် အရေးပါသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတိုးတက်စေရန် သိပ္ပံပညာရှင်များ တီထွင်ကြံဆလျက်ရှိသည်။ ဓာတ်ပုံ-အိုင်အာအာအိုင်

✻ လယ်ယာစိုက်ပျိုးရေးမှ

၁၆ နိုင်ငံမှ သိပ္ပံပညာရှင် ၂၅ ဦးသည် မကြာသေးမီက နယ်သာလန်နိုင်ငံတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရာမာနီက ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေး သုတေသနဆိုင်ရာ လူငယ်ပညာရှင်များ၏ ဖိုရမ်အဖွဲ့အစည်းတွင် အသက် ၄၀ အောက် လူငယ်သိပ္ပံပညာရှင်များ ပါဝင်ခွင့်ရှိပြီး လာမည့်လတွင် ဖွင့်လှစ်မည့် အင်တာနက် ဝက်ဘ်ဆိုက်မှတစ်ဆင့် ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များဖလှယ်ခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ လူငယ်သိပ္ပံပညာရှင်များအတွက် ဖွင့်လှစ်မည့် ဝက်ဘ်ဆိုက်လိပ်စာမှာ www.ypard.org org ဖြစ်သည်။ အင်တာနက်

❍ အမျိုးသား၊ အမျိုးသမီးမှ

တာဝေးစက်ဘီးပြိုင်ပွဲကို နံနက် ၈နာရီတွင် ကျင်းပရာ ပြိုင်ပွဲဝင် အားကစားသမားများသည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် အင်းမတံတားထိပ်မှ စတင်တာထွက် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင် အားကစားသမားများ ယှဉ်ပြိုင်ရာ ရန်ကုန်-ပုသိမ် လမ်းတစ်လျှောက်တွင် ဒေသခံ စက်ဘီးအားကစားဝါသနာရှင် ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်မရွေး တစ်ခဲနက် အားပေးကြည့်ရှုကြသည်။ ပြိုင်ပွဲဝင် အားကစား မောင်မယ်များသည် ရန်ကုန်-ပုသိမ် လမ်းတစ်လျှောက်ရှိ တံတားကြီးငယ်များနှင့် အကွေ့အကောက်အချို့ကို ဖြတ်ကျော်စီးနင်းပြီး ပုသိမ်မြို့အဝင် အဝိုင်းကြီးထိပ်တွင် ပန်းဝင်ကြသည်။

အမျိုးသားပြိုင်ပွဲတွင် မြင့်အေး (ဘဏ္ဍာ/အခွန်)က ပြိုင်ဘက်များကို ပြတ်ပြတ်သားသား ဦးဆောင်၍ နှစ်မိုင်ကျော် သုံးမိုင်နီးပါးဖြတ်ကာ ၅ နာရီ ၀ မိနစ် ၀၁ဒသမ၆၂စက္ကန့်ဖြင့် ပထမဆုဆွတ်ခူးရရှိသွားသည်။ ဒုတိယဆုမှ ဒသမနေရာအတွက် ပြိုင်ပွဲဝင်များသည် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရာ ၅နာရီ ၇မိနစ် ၀၀ဒသမ ၈၁စက္ကန့်ဖြင့် စံချိန်ချင်းတူညီကြသော်လည်း ကိုလွတ်ထွက်ရန် အကြိမ်ကြိမ်ကြိုးစားရာ တတိယအကြိမ်မြောက်တွင် ပြိုင်ဘက်များအား ချန်ရစ်နိုင်ခဲ့ပြီး ဧရာဝတီသားတစ်ဦးဖြစ်သည့် အားလျော်စွာ ခရီးလမ်းကိုကျွမ်းကျင်စွာစီးနင်း၍ မိုင် ၄၀ ကျော်ခရီးကို တစ်ကိုယ်တော် ဦးဆောင်၍ ပန်းဝင်ခဲ့ခြင်းဖြစ်သည်။ မြင့်အေး တစ်ကိုယ်တော် ဦးဆောင်စီးနင်းသွား၍ နောက်မှာကျန်ရစ်ခဲ့သည့် မောင်မောင်စိုး၊ ထွန်းထွန်း၊ သူရိန်ဝင်း၊ မင်းမင်းဟန်၊ အောင်ဖြိုး၊ ခင်မောင်ချို၊ ကျော်ကျော်ဦး၊ စိုးမင်းဦး၊ မျိုးမြန်မာ၊ မောင်မောင်နေယုနှင့် ဇော်မြဦးတို့မှာ ဒသမ အသီးသီး ဆွတ်ခူးရရှိသွားကြသည်။ အထူးဆုအနေဖြင့် ၃ နာရီ ၂၀ မိနစ် ၅၁ ဒသမ ၄၄ စက္ကန့်ဖြင့် ပန်းဝင်လာသူ နန်းအိအိထွေး(မွေး/ရေ)က ရရှိသွားသည်။ ထို့ပြင် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ပန်းဝင်လာသည်အထိ ကြိုးစားယှဉ်ပြိုင်သွားသူ ဖွဲ့ဆုအဖြစ် ၄ နာရီ ၁ မိနစ် ၅၇ ဒသမ ၂၈ စက္ကန့်ဖြင့် ပန်းဝင်လာသူသန္တာကျော် (Flamango) က ရရှိသွားသည်။

ပြိုင်ပွဲတွင်ဆုရရှိသူများအား ပထမဆု ဆုဖလား၊ ဆုတံဆိပ်ချန်ပီယံအင်္ကျီနှင့် ဆုကြေး ကျပ်သုံးသိန်း၊ ဒုတိယဆု ဆုတံဆိပ်နှင့် ဆုကြေးကျပ်နှစ်သိန်း၊ တတိယဆု ဆုတံဆိပ်နှင့် ကျပ်တစ်သိန်း၊ စတုတ္ထဆု ကျပ်ငါးသောင်း၊ ပဉ္စမဆု ကျပ်သုံးသောင်း၊ ဆဋ္ဌမဆု ကျပ်နှစ်သောင်း၊ သတ္တမဆုမှ ဒသမဆုအထိ ကျပ်တစ်သောင်းစီ ချီးမြှင့်သည်။

ရန်ကုန်-ပုသိမ် တာဝေးချန်ပီယံများဖြစ်သော မြင့်အေး (ဘဏ္ဍာ/အခွန်) နှင့် ခိုင်မာဦး (လယ်/ဆည်)တို့သည် မကြာမီက ပြီးစီးသွားသည့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တံခွန်စိုက်ပြိုင်ပွဲတွင်လည်း အစွမ်းပြခဲ့သူများဖြစ်သည်။ မြင့်အေးက ရွှေသုံးခု၊ ငွေတစ်ခုရပြီး ခိုင်မာဦးက ရွှေလေးခုရသည်။ နှစ်ဦးစလုံး အကောင်းဆုံးဆုများ ရရှိထားသူများဖြစ်ပြီး မြင့်အေးမှာ မီတာ(၄၈၀၀) ပြိုင်ပွဲ၌ စံချိန်သစ် တင်ထားသူဖြစ်သည်။ မြင့်အေးနှင့် ခိုင်မာဦးတို့မှာ မြန်မာ့လက်ရွေးစင်များဖြစ်ပြီး အနာဂတ် မြန်မာ့စက်ဘီးလောကအတွက် အားထားရမည့်သူများဖြစ်သည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက်ပိုင်း ရန်ကုန်-ပဲခူး-ရန်ကုန် တာဝေးစက်ဘီးပြိုင်ပွဲ၊တောင်ကြီး-ကလော-တောင်ကြီး တာဝေးစက်ဘီးပြိုင်ပွဲ၊ ယခု ရန်ကုန်-ပုသိမ် တာဝေးစက်ဘီးပြိုင်ပွဲကျင်းပပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သည် တာဝေးပြိုင်ပွဲများကျင်းပ၍ တာဝေးစက်ဘီးကစားသမားကောင်းများပေါ် ထွက်ရန်ဆောင်ရွက်နေသကဲ့သို့ တာတို၊ တာလတ်ပြိုင်ပွဲများကိုလည်း အဆင့်မြှင့်တင်ကျင်းပပေးနေပြီး မြန်မာ့စက်ဘီးအားကစား ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)က အမျိုးသားကီလိုမီတာ (၁၆၀)စက်ဘီးပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အမျိုးသား ကီလိုမီတာ ၁၆၀ တာဝေးစက်ဘီးပြိုင်ပွဲ ကျင်းပရာ ပြိုင်ပွဲဝင်များ ရန်ကုန်-ပုသိမ်လမ်းပေါ်၌ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဒုတိယဆုကို မောင်မောင်စိုး (ဘဏ္ဍာ/အခွန်)၊ တတိယဆုကို ထွန်းထွန်း (ရန်ကုန်တိုင်း)၊ စတုတ္ထဆုကို သူရိန်ဝင်း (ဘဏ္ဍာ/အခွန်)၊ ပဉ္စမဆုကို မင်းမင်းဟန်(လယ်ဆည်)၊ ဆဋ္ဌမဆုကို အောင်ဖြိုး(လှည်းကူး)၊ သတ္တမဆုကို ခင်မောင်ချို(လယ်/ဆည်)၊ အဋ္ဌမဆုကို ကျော်ကျော်ဦး(Flamango)၊နဝမဆုကို စိုးမင်းဦး (လှိုင်သာယာ)၊ ဒသမဆုကို မျိုးမြန်မာ(ရန်ကုန်တိုင်း)တို့ကဆွတ်ခူးရရှိသွားကြသည်။

အမျိုးသားကီလိုမီတာ ၁၆၀ (မိုင်-၁၀၀)ပြိုင်ပွဲသည် ပထမနေရာမှလွဲ၍ ကျန်ဆုများအတွက် တာထွက်ချိန်မှ ပန်းဝင်သည်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည်။ မိုင် ၂၀ ကျော်တွင် ကစားသမား ၂၀ ကျော်သာ ထိပ်ဆုံးမှ ဦးဆောင်လာနိုင်ပြီး ကျန်ကစားသမားများ နောက်တွင်တဖြည်းဖြည်းကျန်ရစ်ခဲ့ကြသည်။ ဗိုလ်မြတ်ထွန်းတံတား အဆင်းအလွန်တွင် စက်ဘီးလက်ရွေးစင် ကစားသမားတစ်ဦးဖြစ်သည့် ဝင်းနိုင်တာ(လယ်/ဆည်)မှာ ပြိုင်ဘက်ကစားသမားတစ်ဦးနှင့် ထိခိုက်မိပြီး ပွန်းပဲ့ဒဏ်ရာများရရှိ၍ ပြိုင်ပွဲမှ ထွက်ခဲ့ရသောကြောင့် ပြိုင်ဆိုင်မှုအားတအား လျော့ခဲ့ရသည်။

ပထမဆုရရှိသွားသည့် မြင့်အေး (ဘဏ္ဍာ/အခွန်)သည် ၎င်းနှင့်အတူ သူတင်ကိုယ်တင် စီးနင်းနေသည့် အုပ်စု ဒုတိယနေရာကို မျှော်မှန်းနိုင်သဖြင့် ပြိုင်ပွဲမှာ သူတင်ကိုယ်တင်ရှိလာပြီး တစ်ဦးနှင့်တစ်ဦး အကျော့မပေးဘဲ စီးနင်းနေရာ အုပ်စုလိုက် ပြိုင်နေသကဲ့သို့ဖြစ်နေသည်။ ထို ၁၂ ဦးထဲမှ မောင်မောင်နေယု တစ်ဦးတည်းသာ နောက်၌ကျန်ရစ်နေခဲ့ပြီး ကျန် ၁၁ ဦးမှာ ပန်းဝင်ချိန်အထိ အပြိုင်အဆိုင် စီးနင်းခဲ့ကြသည်။

ထို့အတူ အမျိုးသမီးကီလိုမီတာ ၈၀ (မိုင် ၅၀) ပြိုင်ပွဲတွင်လည်း ပထမမှ ဒသမဆုအထိ ရရှိသွားသူများသည် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး စက္ကန့်ပိုင်းသာကွာပြီး ပန်းဝင်ခဲ့ကြခြင်းဖြစ်သည်။ခိုင်မာဦး(လယ်/ဆည်)က ၃ နာရီ ၁၈ မိနစ် ၃၉ ဒသမ ၀၉ စက္ကန့်ဖြင့် ပထမ၊ ခင်စိုးဌေး(မြို့တော်စည်ပင်) က ၃နာရီ ၁၈ မိနစ် ၃၉ဒသမ ၇၉ စက္ကန့်ဖြင့် ဒုတိယ၊ ယုမာဦး (လယ်/ဆည်)က ၃နာရီ ၁၈ မိနစ် ၄၀ ဒသမ ၄၈ စက္ကန့်ဖြင့် တတိယ၊ စုစုဝေ(မွေး/ရေ)က ၃ နာရီ ၁၈ မိနစ် ၄၄ ဒသမ ၆၇ စက္ကန့်ဖြင့် စတုတ္ထ၊ အေးအေးသင်း(မွေး/ရေ)က ၃ နာရီ ၁၈ မိနစ် ၄၅ ဒသမ ၇၅ စက္ကန့်ဖြင့် ပဉ္စမ၊ အိအိဖြိုး(ဧရာဝတီတိုင်း)က ၃ နာရီ ၁၈ မိနစ် ၄၆ ဒသမ ၆၆စက္ကန့်ဖြင့် ဆဋ္ဌမ၊ ခိုင်နွယ်ဦး (ဧရာဝတီတိုင်း) က ၃ နာရီ ၁၈ မိနစ် ၄၇ ဒသမ ၃၁ စက္ကန့်ဖြင့် သတ္တမ၊ ရွှေဇင်(မွေး/ရေ)က ၃ နာရီ ၁၈ မိနစ် ၅၀ ဒသမ ၁၆ စက္ကန့်ဖြင့် အဋ္ဌမ၊ သန်းသန်းတင်(မွေး/ရေ)က ၃ နာရီ ၁၈ မိနစ် ၅၃ ဒသမ ၀၄ စက္ကန့်ဖြင့် နဝမ၊ မွေးမဉ္ဇူသန်း(မွေး/ရေ)က ၃ နာရီ၁၈မိနစ် ၅၆ ဒသမ ၈၆ စက္ကန့်ဖြင့်

ရန်ကုန်-ပုသိမ် တာဝေးစက်ဘီးပြိုင်ပွဲ ချန်ပီယံများဖြစ်သည့် အမျိုးသား မြင့်အေး (ဘဏ္ဍာ/ အခွန်)နှင့် အမျိုးသမီး ခိုင်မာဦး(လယ်/ဆည်)တို့အား တွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃) တွင်ဖော်ပြပါရှိသည့် ဒေါက်တာအောင်သော်၏ ဆောင်းပါး တတိယကော်လံ၊ တတိယစာကြောင်း၌ Ephedrine အစား Amphetamine ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာရေးသူ)

ဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် အမျိုးသား အကြီးတန်း မီတာ ၄၀၀ အလွတ်ကူး ပြိုင်ပွဲ ဒုတိယဆုရရှိသူ ခင်မောင်သန်း အား ဆုချီးမြှင့်စဉ်။

ဓာတ်ပုံ- စိုးညွန့်(ကြေးမုံ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မိုးမိတ်ကျောင်းဆရာတော် ဦးဇောတိက (မိုးကုတ် နယ်လှည့်ကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်သည် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ မဲဆောက်မြို့ ကျောင်းကြီးကျောင်းတိုက်တွင် ဝါတွင်းသုံးလ ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဟောကြားမည်ဖြစ်သည်။ (က-ပ)

သက်တမ်းအလိုက် ရေကူးပြိုင်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဆုချီးမြှင့်

ရန်ကုန် မေ ၂၈

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား အမျိုးသမီး သက်တမ်းအလိုက် ရေကူးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသား ရေကူးကန်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပထမနေ့ ပွဲစဉ်များအဖြစ် အကြီးတန်း အမျိုးသား ခြောက်ပွဲ၊ အမျိုးသမီး တစ်ပွဲ၊ အသက် (၁၅၊၁၆၊၁၇)နှစ်တန်း အမျိုးသား နှစ်ပွဲ၊ အမျိုးသမီး နှစ်ပွဲ၊ အသက် (၁၃၊၁၄)နှစ်တန်း အမျိုးသား ခုနစ်ပွဲ၊ အမျိုးသမီး ခုနစ်ပွဲ၊ အသက် (၁၁၊ ၁၂)နှစ်တန်း အမျိုးသား ခြောက်ပွဲ၊ အသက် (၉၊၁၀)နှစ်တန်း အမျိုးသား ငါးပွဲ၊ အမျိုးသမီး တစ်ပွဲ၊ အသက် ရှစ်နှစ်အောက် အမျိုးသား သုံးပွဲ၊ အမျိုးသမီး သုံးပွဲ၊ စုစုပေါင်း ၄၃ ပွဲ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသား အကြီးတန်း မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲနှင့် မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ ဆုရရှိသူများကို အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသား အသက် (၁၃/၁၄)နှစ်တန်း မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး(၁၃/၁၄)နှစ်တန်း မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသမီး(၁၃/၁၄)နှစ်တန်း မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲနှင့် အမျိုးသား(၁၁/၁၂)နှစ်တန်း မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အမျိုးသား (၁၁/၁၂)နှစ်တန်း မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ကျန်ပြိုင်ပွဲများ၌ ဆုရရှိသူများအား အားကစားဝန်ကြီးဌာနနှင့် ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသား (၁၃/၁၄)နှစ်တန်း မီတာ ၂၀၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် စံချိန်သစ်တင်နိုင်ခဲ့ရာ ပထမဆုရရှိသွားသည့် ရဲမြင့်ဟိန်းက ၂၀၀၁ခုနှစ်က ထူးအောင်မော် တင်ထားသည့် ၂မိနစ် ၄၉ဒသမ၄၆စက္ကန့်ကို ၂မိနစ် ၄၀ဒသမ ၆၉စက္ကန့်ဖြင့် စံချိန်ချိုးနိုင်ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲကို မေ၂၉ရက် မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမျိုးသားတစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၏ လိပ်ပြာကူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ငွေ့လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် မေ ၂၈

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ကယားပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေသည် ရုတ်တရက် တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးကို ရောက်နိုင်ဖွယ်မရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၅။	လက်စွမ်းပြဟန်ဂီတသံ
၄:၄၅	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၀၀	၇။	မျိုးချစ်တပ်မတော်
၅:၁၅	၈။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မေတ္တာသည်သာ (အပိုင်း-၂၀)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ကျန်းမာသုတ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကောင်းကင်သိုင်းကွက် (အပိုင်း-၃၄)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

သုံးထပ်ကျောင်း ဆောက်လုပ်ရေးငွေလှူ

ရန်ကုန် မေ ၂၈

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မင်္ဂလာစံကျောင်း ထေရာဝါသ သုံးထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် အလှူငွေများပေးအပ်ပွဲကို ယမန်နေ့က ပြုလုပ်ရာ သုံးထပ်ကျောင်းဆောက်လုပ်ရေးအတွက် ဆရာကြီး ဦးစိုင်းမိသားစုက အလှူငွေကျပ် ခြောက်သိန်း၊ (ဦးကိုကိုလွင်)-ဒေါ်နုနုအေး မိသားစုက အလှူငွေကျပ် ၅၅၀၀၀၀နှင့် အငြိမ်းစား ကျောင်းအုပ်ကြီး ဦးစိုးတင့်နှင့် သားသမီးများ အလှူငွေကျပ် ၁၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအကျိုးဆောင်အဖွဲ့က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။ (၂၃)



မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်

၂၀၀၆ခုနှစ် မေ ၂၈ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကသာမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၄၁ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ရမည်းသင်းမြို့တွင် ဝ ဒသမ ၆၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

၂၀၀၆ ခုနှစ် မေ ၂၉ ရက် ညနေထိ ခန့်မှန်းချက်

မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)	**၂၇-၅-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	**၂၈-၅-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း	**၂၈-၅-၂၀၀၆**
နေပူသည့်နာရီပေါင်း ၄ ဒသမ ၂ နာရီခန့်	**၂၇-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၂၈-၅-၂၀၀၆	(၀.၀၄လက်မ)	(၀.၁၆လက်မ)	(၀.၀၈လက်မ)
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၁၄.၂၅လက်မ)	(၁၇.၇၆လက်မ)	(၁၉.၁၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၇-၅-၂၀၀၆ ရက် ၁၅း၃၀နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈မိုင်နှုန်း တိုက်ခတ်သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများ အရောင်းကိုယ်စားလှယ်ပေးအပ်ခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများအား ဝင်းသူဇာအရောင်းဆိုင်များတွင် ဆိုင်တင်ရောင်းချလျက်ရှိပါသည်။ အဆိုပါ ဆိုင်တင်ပစ္စည်းအမယ်များအား အရောင်းကိုယ်စားလှယ်ယူလိုသူများသို့ ကိုယ်စားလှယ်ပေးအပ်သွားမည်ဖြစ်ပါသည်။

၂။ ကိုယ်စားလှယ်ယူလိုသူများအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်–

(က) မိမိဝယ်ယူလိုသော ပစ္စည်းတန်ဖိုးနှင့်ညီမျှသော မိမိပိုင် (အိမ်၊ ခြံ၊ မြေ၊ ရွှေ၊ ငွေ) တို့အား အာမခံအဖြစ် တင်ဆောင်ရမည်ဖြစ်ပါသည်။
(ခ) အာမခံတင်သွင်းထားသော တန်ဖိုးအတွင်းရှိ ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။
(ဂ) မိမိတတ်နိုင်သလောက် ပစ္စည်းအမယ်နှင့် အရေအထွက်အား ဝယ်ယူနိုင်ပါသည်။
(ဃ) ကိုယ်စားလှယ်ယူလိုသော ပစ္စည်းအမယ်အား သက်ဆိုင်ရာ စက်မှုလုပ်ငန်းများသို့ လာရောက်ဆွေးနွေးနိုင်ပါသည်။
(င) မိမိဝယ်ယူလိုသောပစ္စည်းအမျိုးအစားအား မိမိလိုချင်သော ပုံစံဖြင့် ထုတ်လုပ်ပေးစေလိုပါက ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။
(စ) တစ်လတစ်ကြိမ်ယူသည့်စနစ် (သို့မဟုတ်) အဟောင်းကုန် အသစ်ယူစနစ် ကျင့်သုံးနိုင်ပါသည်။
(ဆ) နိုင်ငံတော်စီမံကိန်းသုံးထုတ်ကုန်ပစ္စည်းအချို့နှင့် ဆရာဝန်ညွှန်ကြားချက်အရ သုံးရသော ဆေးဝါးများမှအပ ကျန်ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။
(ဇ) ဝင်းသူဇာဆိုင်မတင်သော အင်္ဂတေပစ္စည်းများနှင့် မီးခံအုတ်ပစ္စည်းများလည်းဝယ်ယူနိုင်ပါသည်။
(ဈ) အသင်း/အဖွဲ့ ပုဂ္ဂလိက မည်သူမဆို လွတ်လပ်စွာ ကိုယ်စားလှယ်အဖြစ် လျှောက်ထားနိုင်ပါသည်။
(ည) ကိုယ်စားလှယ်အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိပါ။

၃။ ကိုယ်စားလှယ်ယူလိုသူများသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ နေပြည်တော် တယ်လီဖုန်းအမှတ် (၀၆၇-၄၀၈၁၃၅) နှင့် ရန်ကုန်မြို့ တယ်လီဖုန်းအမှတ်(၀၁-၅၆၂၁၉၃)သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးအောင်ကျော်–ဒေါ်စိန်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ခေတ်မီမျက်စိခွဲစိတ်ကိရိယာအတွက် အလှူငွေကျပ် ၅၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူပင် လေးဧကစိုက်ပျိုးမှုကို မေ ၂၅ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျင်းပသော မြန်မာမုန့်အမျိုးမျိုး သင်တန်းကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသူ ၄၀ တက် ရောက်ခဲ့ပြီး ဆုရရှိသူ သင်တန်းသားအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီဝင်း ဆုပေးအပ်ချီးမြှင့်စဉ်။
(မြို့နယ်ပြန်/ဆက်)

ပြည်ပအားကစားသတင်းများ

ကမ္ဘာ့ဖလားပွဲအကြို ချစ်ကြည်ရေးခြေစမ်း ဂျာမနီက လူဇင်ဘတ်အသင်းကို အနိုင်ရ

ဖရေးဘတ်ဂ် မေ ၂၈

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဂျာမနီနိုင်ငံအသင်းနှင့် လူဇင်ဘတ်နိုင်ငံအသင်းတို့ ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်းရှိ ဖရေးဘတ်ဂ်မြို့တွင် စနေနေ့က ယှဉ်ပြိုင်ကစားရာ ဂျာမနီနိုင်ငံအသင်းက လူဇင်ဘတ်နိုင်ငံအသင်းကို ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဂျာမနီဘောလုံးအသင်း နည်းပြ ကလင်းစမန်းအား တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘောလက် မပါဝင်

ယခုကျင်းပသည့်ပွဲတွင် ဖြတ်ထိုးဥဏ်သုံးကာ ကစားတတ်သော အသင်း ခေါင်းဆောင် မိုက်ကယ် ဘောလက် ပါဝင်ကစားခြင်းမရှိပေ။ ဘောလက်သည် ခြေကျင်းဝတ်တွင် ထိခိုက်ဒဏ်ရာရရှိထားသဖြင့် မပါဝင်နိုင်ခြင်းဖြစ်သည်။

အဆင့် ၁၅၂

လူဇင်ဘတ်အသင်းသည် အလွန်အင်အား ခိုင်မာတောင့်တင်းသည့် အသင်းကြီးတစ်သင်းနှင့် ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဆင့်အတန်း သတ်မှတ်ချက်အရ ၁၅၂ နေရာတွင်ရှိသော လူဇင်ဘတ်နိုင်ငံအသင်းကို ဂျာမနီနိုင်ငံအသင်းက ငါးမိနစ်မျှသာ ကစားပြီးချိန်တွင် စတင် ဂိုးသွင်းနိုင်ခဲ့သည်။

ဂျာမနီနိုင်ငံ၏ နှစ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုရ မီရိုဆလပ်ဗ်ကလော့စ်သည် ပွဲချိန် ၅ မိနစ်တွင်လည်းကောင်း၊ ပွဲချိန် ၅၉ မိနစ်တွင်လည်းကောင်း နှစ်ဂိုးသွင်းယူခဲ့သည်။

အောင်ပွဲခံ

ပိုလန်ဇာတိဖွား ရှေ့တန်းတိုက်စစ်မှူးတစ်ဦးဖြစ်သူ လူကပ်စ်ပိုဒေါ်လ်စကီးသည် ပွဲချိန် ၃၆ မိနစ်နှင့် ၆၅ မိနစ်တို့တွင် ပယ်နယ်တီကန်သွင်းမှုများမှ တစ်ဆင့် တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့သလို လူစားဝင်ရောက်လာသူ အိုလီဗာနျူဗီးက ဒဏ်ရာရ အစားဖြည့် အချိန်အတွင်း နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည်။ နိုင်ငံတကာပွဲပေါင်း ၅၀ ကစားခဲ့ဖူးသူ တော်စတန်ဖရင်းသည် ယခုပွဲတွင် တစ်ဂိုးသွင်းယူခြင်းဖြင့် အောင်ပွဲခံနိုင်ခဲ့သည်။

အင်တာနက်။

မေ ၂၇ ရက်က ပါရီတွင် ကျင်းပသော ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ပြင်သစ်အသင်းမှ ဖရန့်ရစ်ဘရီ (ယာ)၏ ခြေတွင်ရှိနေသော ဘောလုံးကို မက္ကဆီကိုအသင်းမှ ကားလို့စ် ဆယ်လ်ဆီဒိုက ဖျက်ထုတ်စဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပါရီတွင် ချစ်ကြည်ရေး ခြေစမ်းပွဲကျင်းပ ပြင်သစ်က မက္ကဆီကိုအသင်းကို အနိုင်ရ

ပါရီ မေ ၂၈

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ပြင်သစ်နိုင်ငံအသင်းနှင့် မက္ကဆီကိုနိုင်ငံအသင်းတို့ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စတေဒီဖရန့်ခ် အားကစားရုံတွင် စနေနေ့က ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ချစ်ကြည်ရေးခြေစမ်းပွဲတွင် မိမိတို့အောင်ပွဲခံရန် မျှော်လင့်စောင့်စားခဲ့ကြောင်း ပြင်သစ်အသင်းနည်းပြ ရေမွန်းဒိုးမနက်ရှ်က ပွဲအပြီးတွင် ပြောကြားသည်။

ယခုပွဲတွင် နည်းပြဆရာ ဒိုးမနက်ရှ်က သီယာရီဟင်နရီအား အနားပေးထားသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုကာလတွင် ချစ်ကြည်ရေးခြေစမ်းပွဲ သုံးပွဲကစားရန်ရှိပြီး ပထမဆုံးသော ခြေစမ်းပွဲအဖြစ် မက္ကဆီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ ဒေးဗစ်ထရက်ဇီဂေးနှင့် ဂျီဘရေးဆစ်စီတို့ကို ရှေ့တန်းကစားသမားများအဖြစ် ရွေးချယ်ထားသည်။

ပွဲချိန် ၁၄ မိနစ်တွင် ပြင်သစ်အသင်းအတွက် ဂိုးသွင်းရန် အခွင့်အရေးကောင်းရရှိခဲ့သည်။ သို့ရာတွင် ပြင်သစ်အသင်းမှ ပက်ထရစ်ဗီယာရာသည် ဂိုးသွင်းရန် ကြိုးပမ်းခဲ့သော်လည်း ဘောလုံးမှာ ဘားတန်းကိုသာ ထိမှန်ခဲ့သည်။ ပွဲချိန် မိနစ် ၃၀ တွင် ဂျူဗင်တပ်စ် တိုက်စစ်မှူး ထရက်ဇီဂေးက ဂိုးတည့်တည့်ကန်သွင်းသော်လည်း မက္ကဆီကိုဂိုးသမား ဆန်ချက်ဇ် ကာကွယ်လိုက်နိုင်သည်။ ဒဏ်ရာရ အစားဖြည့် အချိန်ပိုတွင် ဖလောရင့်မာလူဒါက ဆစ်စီ၏ အကူအညီဖြင့် ဂိုးသွင်းနိုင်ခဲ့ပြီး ပြင်သစ်အသင်းကို အောင်ပွဲခံစေခဲ့သည်။

အင်တာနက်။

ယနေ့ မိုးလေဝသ

(၂၉–၅–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ မဖမ်းရန်

ပညာပေးနှိုးဆော်ချက် ၂/၉၇

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည် ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအားဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် (၁/၉၂) ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ကမ္ဘာ့ ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အဆင့်တစ်ခုအထိ တက်လှမ်းလာမည့် ယူကရိန်း



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကို

၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ယူကရိန်းကိုအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည်။ ၁၉၉၆-၉၇ ခုနှစ်မှစတင်၍ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် ခြေစစ်ပွဲ နှစ်ကြိမ်ဝင်ရောက်ခဲ့သည်။ ခြေစစ်ပွဲ အောင်မလိုလိုဖြင့် နှစ်ကြိမ်စလုံးလွဲခဲ့ရသည်။

ယူကရိန်းအသင်း၏ ပထမဆုံးကြိုးပမ်းချက်သည် အုပ်စုဒုတိယဖြင့် အဆုံးသတ်ရသည်။ သို့သော် မြောက်အိုင်ယာလန်နှင့် ပေါ်တူဂီအသင်းတို့၏ အပေါ်တွင်ရှိခဲ့သည်။ သို့ဖြစ်၍ အဆုံးအဖြတ် ခြေစစ်ပွဲအဖြစ် ခရိအေးရှားနှင့် ကစားရသည်။ ပထမအကျော့တွင် ၂-၀ ဖြင့် ရှုံးသည်။ ဒုတိယအကျော့၌ တစ်ဂိုးစီသရေကျသည်။ နှစ်ပွဲပေါင်း ၃-၁ ဖြင့် ရှုံးသောကြောင့် ၁၉၉၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲခဲ့ရသည်။

၂၀၀၂ ခုနှစ် တောင်ကိုရီးယား-ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲကစားစဉ်ကလည်း ယင်းကဲ့သို့သော အခြေအနေမျိုး နောက်ထပ်တစ်ကြိမ် ထပ်မံကြုံတွေ့ရသည်။ ဤတစ်ကြိမ် အဆုံးအဖြတ် ခြေစစ်ပွဲကစားရသော အသင်းမှာ ဂျာမနီအသင်းဖြစ်သည်။ [ဂျာမနီသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယရသော အသင်းဖြစ်သည်။] နှစ်ပွဲပေါင်း ၄-၁ ဖြင့် ရှုံးသောကြောင့် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ပွတ်ကာသီကာ ထပ်မံလွဲရသည်။

သို့သော် ၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ယူကရိန်းသည် ခြေစစ်ပွဲကို ခံ့ခံ့ညားညား ထည်ထည်ဝါဝါဖြင့် အောင်မြင်ခဲ့သည်။ ဥရောပဇုန်ခြေစစ်ပွဲတွင် ပထမဦးဆုံး ခြေစစ်ပွဲအောင်သော အသင်းတစ်သင်းအဖြစ် မှတ်တမ်းတင်ခံရသည်။ ဤကဲ့သို့ ခြေစစ်ပွဲအောင်ရန် ယူကရိန်းသည် ခက်ခက်ခဲခဲဖြင့် ဖြတ်ကျော်ရသည်။

ယူကရိန်းသည် ဥရောပဇုန်(၂)တွင် တူရကီ၊ ဒိန်းမတ်၊ ဂရိ၊ အယ်လ်ဘေးနီးယား၊ ဂျော်ဂျီယာ၊ ကာဇက်စတန်တို့နှင့် အတူကျသည်။ ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ယူကရိန်းသည် ပွဲဦးထွက်ပွဲအဖြစ် ဒိန်းမတ်နှင့် ကစားရသည်။ တစ်ဂိုးစီ သရေကျသည်။ နောက် လေးရက်အကြာတွင် ကာဇက်စတန်နှင့် ကစားရသည်။ ၂-၁ ဖြင့် နိုင်သည်။

အောက်တိုဘာလတွင် ဂရိအသင်းနှင့်ကစားရသည်။ ပရိသတ်များသိကြသည့်အတိုင်းပင် တစ်ကမ္ဘာလုံးမှ ဘောလုံးပရိသတ်ကို တအံ့တသြဖြစ်

ယူကရိန်း လက်ရွေးစင်ဘောလုံးအသင်း နည်းပြ အိုလက်ဘလိုခင်။

အောင်လုပ်ပြခဲ့သော လက်ရှိဥရောပချန်ပီယံအသင်းဖြစ်သည်။ ဂရိကို တစ်ဂိုးစီ သရေကျအောင်ကစားနိုင်ခဲ့သည်။ နိုဝင်ဘာလတွင် ယူကရိန်းသည် တူရကီနှင့်ကစားရသည်။ တူရကီသည် ၂၀၀၂ ခုနှစ် တောင်ကိုရီးယား၊ ဂျပန်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယရထားသောအသင်းဖြစ်သည်။ သူ့မြေတွင် ၃-၀ဖြင့်နိုင်သည်။

၂၀၀၅ခုနှစ် မတ်လတွင် ဒိန်းမတ်နှင့်အိမ်ကွင်း၌ ကစားရသည်။ တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ နောက်သုံးလအကြာ၌ ဂရိနှင့်ဒုတိယအကျော့ ထပ်ကစားရသည်။ ဤတစ်ကြိမ်၌ တစ်ဂိုး ဂိုးမရှိနိုင်သည်။ စက်တင်ဘာမှာ တူရကီနှင့်ထပ်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ ခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်တွင် အယ်လ်ဘေးနီးယားနှင့် ၂-၂ သရေကျသည်။

ခြေစစ်ပွဲ ၁၂ပွဲတွင် ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးသည်။ စုစုပေါင်း ၂၅ မှတ်ဖြင့် အုပ်စုပထမရပြီး ခြေစစ်ပွဲအောင်သည်။

ယူကရိန်းနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းအား တွေ့ရစဉ်။

ဂမ်ဆိုင်း

ယူရို ၂၀၀၄ ခြေစစ်ပွဲရှုံးပြီးနောက် နည်းပြဆရာ လီယိုနစ်ဒ်ဘာရက်ဖ်နေရာသို့ ဆိုဗီယက်ပြည်ထောင်စု လက်ရွေးစင်ဟောင်းလည်း ဖြစ်ပြီး ၁၉၇၅ ခုနှစ်၏ ဥရောပအကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့ဖူးသော ဘလိုခင်နှင့် အစားထိုးသည်။ ခြေစစ်ပွဲအောင်ရန် ဘလိုခင်သည် သူ့နည်းသူ့ဟန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ဂိုးသမား အဲလက်စ်ဆန်ဒရာရှဗော့စကီးသည် ပြိုင်ဘက်များ ရှိန်လောက်ပြီး အလျှော့မပေးတတ်သော စိတ်ဓာတ်ရှိသူဖြစ်သည်။ နောက်တန်းတွင် အသက်(၂၂)နှစ်အရွယ်ရှိ အန်ဒရီရူဆော်က ဦးဆောင်ကစားသည်။ ယူကရိန်း၏နောက်တန်းသည် တောင့်တင်း ခိုင်မာသည်။ အကြမ်းပတမ်းခံပြီး ဂိုးဖမ်းတတ်သော ရှဗော့စကီးကြောင့် ယူကရိန်းသည် ဂရိနိုင်ငံအသင်းနှင့် တူရကီနိုင်ငံ အီစတန်ဘူမြေတွင် အောင်ပွဲခံနိုင်ခဲ့သည်။ ခြေစစ်ပွဲ ၁၂ ပွဲတွင် ခုနစ်ဂိုးသာ အသွင်းခံရခြင်းက သက်သေထူနေသည်။

ရှေ့တန်းတွင် အေစီမီလန်မှ ရှက်ချင်ကိုရှိသည်။ ကမ္ဘာ့အဆင့်မီတိုက်စစ်မှူးတစ်ဦးဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွက် ဥရောပအကောင်းဆုံးဘောလုံးသမားဆုရထားသူဖြစ်သည်။ ယူကရိန်း၏ ကံကြမ္မာအတက်အကျသည် ရှက်ချင်ကို ခြေထောက်ထဲတွင်ရှိသည်။ ရှက်ချင်ကိုနှင့် တွဲဖက်ကစားမည့် တိုက်စစ်မှူးများမှာ လေမာကူဆင်မှ ဗိုရိုနင်နှင့် ဗိုရိုဘေတို့ဖြစ်သည်။

ခြေစစ်ပွဲတစ်လျှောက် ဥရောပထိပ်သီးစာရင်းဝင်ဒိန်းမတ်၊ တူရကီ၊ ဂရိအသင်းကြီးများကို ယှဉ်ပြိုင်ကစားနိုင်ခြင်းအားဖြင့် ယူကရိန်းသည် အဆင့်မနိမ့်သော အသင်းတစ်သင်းဟု ကောက်ချက်ဆွဲရမည်။ အကယ်၍ ယူကရိန်းသည် စပိန်၊ တူနီးရှား၊ ဆော်ဒီတို့ကို ဖြတ်ကျော်ပြီး အုပ်စုဗိုလ်ဖြစ်ခဲ့လျှင် ဒုတိယရှုံးထွက်အဆင့်၌ ဆွစ်ဇာလန် (သို့မဟုတ်) တောင်ကိုရီးယားအသင်းနှင့် တွေ့နိုင်သည်။ ထိုအဆင့်ကိုကျော်လျှင်ကွာတားတွင် ဘရာဇီးနှင့် တွေ့ဖွယ်ရှိသည်။

အုပ်စုဒုတိယသာ ရခဲ့မည်ဆိုလျှင် ဒုတိယရှုံးထွက်အဆင့်၌ ပြင်သစ်နှင့်ဆုံနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ ယူကရိန်းသည် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အတိုင်းအတာတစ်ခုအထိ မထင်မှတ်စရာများကို လုပ်ပြနိုင်လိမ့်မည်ဟု လေ့လာအကဲခတ်သူများက သုံးသပ်နေကြသည်။ ။

ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၁) ဖြန့်ချိ

ရန်ကုန် မေ ၂၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၂၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မူဆယ်ကုန်သွယ်ရေးဇုန်သို့ တင်ပို့သော ရေထွက်ပို့ကုန်များ စာရင်းကိုက်ညီမှုမရှိက သိမ်းဆည်းမည်၊ စင်ကာပူ သူနာပြုတက္ကသိုလ် ဒီပလိုမာ သုံးနှစ်သင်တန်း အခမဲ့တက်ရောက်နိုင်ပြီ၊ မြန်မာ့ဆေးမြစ်များ ဥရောပနိုင်ငံများအပြင် အခြားပြည်ပနိုင်ငံများကလည်း ဝယ်ယူမှုများလာ၊ မြန်မာ-ဂျပန်ချစ်ကြည်ရေး သွေးဓာတ်ကားကို ရိုက်ကူးခဲ့သူ ဂျပန်လူမျိုးဒါရိုက်တာ Mr. Koji Chino နှင့် တွေ့ဆုံခြင်း စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အမြှာပူးမွေးချင်သလား နို့ထွက်ပစ္စည်းစား၊ ဆက်ဒမ်ဟူစိန်ရေးသည့်ဝတ္ထု ဂျပန်ဈေးကွက်တင်၊ ဗြိတိန်စစ်တမ်းအရ ပြင်သစ်တို့သည် အရိုင်းဆုံးနှင့် ကပ်စေးအနှဲဆုံး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (က-ပ)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးအတွက် အလှူငွေကျပ် ၂၈၀၀၀၀ ကို မေ ၂၈ ရက်က မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်၊ ခေမာသီလမ်းနေ ဦးတင်အောင်-ဒေါ်ခင်ငြိမ်း မိသားစု (စိန်အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)က တည်ဆောက်ရေးအဖွဲ့ ဦးဆောင်နာယက ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်ဖက်သောမိဘများနှင့် ဦးမောင်ချိုအား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်းနေ ဇနီး ဒေါက်တာ ဒေါ်ခင်မမနှင့် သား၊ သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၆)လမ်းနေ ဒေါ်ခင်ညွှန့်မိသားစုက မိခင်ကြီးလေးလပြည့် အမှတ်တရအဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မအူပင်မြို့ ကမ်းနားလမ်း (၈)လမ်းထိပ်နေ ကွယ်လွန်သူ ဦးအစဲအား ရည်စူး၍ မိခင်ကြီး ဒေါ်သိန်းကြည်နှင့် သားသမီးမြေးမြစ်တစ်စုတို့က ငွေကျပ်နှစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးထွန်းမင်းနှင့်အဖွဲ့ လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

မဟာဓာတ်အားလိုင်း သွယ်တန်းမှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာ ဘုရင့်နောင်မြစ်ကျော် မဟာဓာတ်အားလိုင်း သွယ်တန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

[အမှတ်(၂)လျှပ်စစ်စွမ်းအား]

ဘွက်ကြီးတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၆ ရက် နံနက်ပိုင်းတွင် တွံတေးတံတားမှ ရန်ကုန်-ပြည်-မန္တလေးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးကာ မွန်းလွဲပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်(၂၁၁/၄)ရှိ ဘွက်ကြီးတံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ အင်ဂျင်နီယာဦးအုန်းမြင့်က ဘွက်ကြီးတံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မိုးရာသီအတွင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအားလုံး လျာထားသတ်မှတ်ချက်များအတိုင်း အစီအမံများချမှတ်၍ အချိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် မှာကြားပြီး တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဘွက်ကြီးတံတားမှာ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည်ပေ ၆၀၀၊ ချဉ်းကပ်တံတားအရှည်ပေ ၁၁၇၀ စုစုပေါင်း တံတားအရှည်ပေ ၁၇၇၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးခြင်း တန် ၆၀ ဖြစ်သည်။

ယခုအခါ ပင်မတံတားတိုင်ခုနစ်တိုင်အနက် ငါးတိုင်မှာ ပိုင်တိုင်ထိပ်အုပ်အထိ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၂၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းခန်းမ၌ စက်ရုံမှူးက စက်ရုံသမိုင်းကြောင်း၊ စက်များလည်ပတ်နေမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ရရှိမှု၊ စက်ရုံသုံးရေရရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သဘာဝဓာတ်ငွေ့ရရှိမှုအပေါ်မူတည်၍ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး၊ စက်များ၏ကြံ့ခိုင်မှုနှင့် ပတ်သက်၍ အမြဲတမ်းကြည့်ရှုစစ်ဆေးရေးနှင့် စက်ရုံလုံခြုံရေးကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများအားတွေ့ဆုံပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကို တည်ဆောက်ထုတ်လုပ်ရေးနှင့် သယ်ပို့ဖြန့်ဖြူးရေးဟူ၍ အပိုင်း(၂)ပိုင်းခွဲခြားဆောင်ရွက်လျက်ရှိရာမိမိတို့ဌာနအနေဖြင့် ပြည်သူများလျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လုပ်ငန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရေး၊ လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်မြို့နယ် ဘုရင့်နောင်ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးအေးသော်က ရန်ကုန်မြို့တော်အား လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ဘုရင့်နောင်ဓာတ်အားခွဲရုံ တည်ဆောက်ရေးအခြေအနေ၊ ပစ္စည်းများရရှိမှုအခြေအနေ၊ လှိုင်သာယာ-ဘုရင့်နောင် မြစ်ကျော် မဟာဓာတ်အားလိုင်း သွယ်တန်းနေမှု အခြေအနေတို့ကို စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

အမျိုးသား၊ အမျိုးသမီး တာဝေးစက်ဘီးပြိုင်ပွဲ ကျင်းပ မြင့်အေး(ဘဏ္ဍာ/အခွန်)နှင့် ခိုင်မာဦး(လယ်/ဆည်) ဗိုလ်စွဲ

ရန်ကုန် မေ ၂၈

၂၀၀၆ခုနှစ် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား ကီလိုမီတာ ၁၆၀နှင့် အမျိုးသမီး ကီလိုမီတာ ၈၀ တာဝေးစက်ဘီး ပြိုင်ပွဲကို ယမန်နေ့က ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမပေါ်တွင်ကျင်းပသည်။

အမျိုးသား ကီလိုမီတာ ၁၆၀ တာဝေးစက်ဘီးပြိုင်ပွဲကို နံနက်ရနာရီတွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မိုင်တိုင်(၉)မိုင်တွင် ကျင်းပရာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ) က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးသည်။ ထို့အတူ အမျိုးသမီး ကီလိုမီတာ ၈၀ စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❍

အမျိုးသား ကီလိုမီတာ ၁၆၀ တာဝေးစက်ဘီးပြိုင်ပွဲ၌ ပထမရရှိသွားသည့် မြင့်အေး(ဘဏ္ဍာ/အခွန်) ဦးဆောင်ယှဉ်ပြိုင်နေစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အင်တာနက်သတင်း

လယ်ယာစိုက်ပျိုးရေး သုတေသနလုပ်ငန်းများမြှင့်တင်ရန် လူငယ်သိပ္ပံပညာရှင်များအဖွဲ့အစည်း ထူထောင်မည်

နယူးဒေလီ မေ ၂၈

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်းကောင်း၊ မူဝါဒရေးဆွဲချမှတ်ရာတွင်လည်းကောင်း မျိုးဆက်သစ်သိပ္ပံပညာရှင်များ၏ အတွေးအမြင်သစ်များပေါင်းစပ်ပါဝင်လာစေရေးအတွက် လယ်ယာစိုက်ပျိုးရေး သုတေသနလုပ်ငန်းနယ်ပယ်ရှိ လူငယ်သိပ္ပံပညာရှင်များ၏ ဖိုရမ်အဖွဲ့အစည်းတစ်ရပ်ကို မကြာမီထူထောင်တော့မည်ဖြစ်ကြောင်း မေ ၂၈ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် လာမည့်နိုဝင်ဘာလ၌ ကမ္ဘာ့လယ်ယာစိုက်ပျိုးရေး သုတေသန ဖိုရမ်ဆွေးနွေးပွဲကျင်းပစဉ်ကာလအတွင်း လယ်ယာစိုက်ပျိုးရေးသုတေသနဆိုင်ရာ လူငယ်ပညာရှင်များ၏ ဖိုရမ်အဖွဲ့အစည်းကိုထူထောင်မည်ဖြစ်ကြောင်း အိန္ဒိယလယ်ယာစိုက်ပျိုးရေး သိပ္ပံပညာရှင် ရာမာနီက ပြောကြားသည်။ ရာမာနီသည် ဂျာမနီနိုင်ငံ ဟန်နိုဗာတက္ကသိုလ်အခြေစိုက် ကောက်ပဲသီးနှံသုတေသနပညာရှင်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် လယ်ယာစိုက်ပျိုးရေးသုတေသနလုပ်ငန်းများလုပ်ဆောင်ရာတွင် လူငယ်သိပ္ပံပညာရှင်များ၏ အကြံကောင်းဉာဏ်ကောင်းများကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးသုတေသနဆိုင်ရာလူငယ်ပညာရှင်များ၏ ဖိုရမ်အဖွဲ့အစည်းအတွက် ၂၀၀၆-၂၀၀၈ခုနှစ် သိပ္ပံရေးရာ မဟာဗျူဟာကို ရေးဆွဲချမှတ်နိုင်ရန် မိမိနှင့်နိုင်ငံပေါင်း စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

ဂျိုးဖြူ ရေပိုက်လိုင်း ပြုပြင်မည်

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေများဖြန့်ဖြူးနေသော ဂျိုးဖြူ၊ ဖူးကြီး၊ ငမိုးရိပ်၊ လှော်ကားရေပေးဝေရေး စခန်းများအနက်မှ ဂျိုးဖြူရေပိုက်လိုင်းကို ကြံ့ခိုင်မှု ပိုမိုပြည့်စုံနိုင်ရန် ပြုပြင်မည်ဖြစ်၍ ရန်ကုန်မြို့သို့ ယနေ့မှစ၍ သုံးရက် ရေလျော့နည်း ပေးဝေမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြေညာထားသည်။ (သတင်းစဉ်)